# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၈၇)၊ ၁၃၈၇ ခုနှစ် ၊ နယုန်လပြည့်ကျော် ၂ ရက် ၊ ၁၂–၆–၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကျောင်းသား ကျောင်းသူများ၏ အတန်းပညာတတ်မြောက်ရေးအပြင် စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်ရေး ဆောင်ရွက်

## ဆရာ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးနေရသည့် ကလေးငယ်များအား အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုး ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့်အတွေးအမြင်များ သင်ကြားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇွန် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေး၊ ပညာရေးကဏ္ဍ မြင့်မားရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ဆင်လမ်းရေလှောင်တမံ ရေပိုမိုသိုလှောင်ထားရှိနိုင်ရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆင်လမ်းရေလှောင်တမံသို့ရောက်ရှိကြပြီး ပြင်ဦးလွင်ဒေသ ရေဖူလုံရေးအတွက် ရေလှောင်တမံအား အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများက ဆင်လမ်းရေလှောင်တမံ ရေပိုလွှဲ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ရေလွှမ်းခြုံပေးဝေနိုင်မည့်

စာမျက်နှာ ၃ သို့ ✪

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၁

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

## ယနေ့ ဖတ်စရာ အညွှန်း


ဘော်ဘီချာလ်တန်၊ လင်းပတ်တို့၏ ပွဲအများဆုံး စံချိန်အား ဟယ်ရီကိန်း ကျော်ဖြတ်
စာမျက်နှာ ၁၁

— — — — — —

၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်၌ ပိုးစပါး ၁၃၀၆၁ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထား
စာမျက်နှာ ၁၄

၂၀၂၅ ခုနှစ် ၊ ဇွန် ၁၂ ရက်၊ ကြာသပတေးနေ့။
မန္တလေး

## ပညာရေးကဏ္ဍကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် လူငယ်နှင့် စာပေကဏ္ဍကို အထူးအလေးနက်ထားပြီး လူငယ်များစာဖတ်ခြင်း အလေ့အကျင့်ဖြစ်စေရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် မှာကြားထားပါကြောင်း၊ ကလေးများ စိတ်ဝင်တစား ပျော်ရွှင်စွာဖြင့် စာဖတ်ချင်စိတ်ဖြစ်ပေါ်စေရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်သင့်ပါကြောင်း၊ Community Center များတွင် ရပ်မိရပ်ဖများနှင့်အတူ ကလေးများကို စာဖတ်ဝိုင်း သို့မဟုတ် စာပေနှင့်ပတ်သက်သည့် စကားဝိုင်းများ ဆောင်ရွက်သင့်ပါကြောင်း၊ မန္တလေးငလျင်အလွန်တွင် လူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာစာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့် Grade-12 ပြန်လည်ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည့် အထောက်အပံ့များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့သည် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍတွင် အလေးအနက်ထားသည်ကို သိရှိနိုင်ပါကြောင်း၊ စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဇွန် ၁၀ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ကိုယ်စား)အမြဲတမ်းအတွင်းဝန်က ၂၀၂၄ ခုနှစ်အတွင်း စာကြည့်တိုက်များ ဆောက်လုပ်ခဲ့မှုအခြေအနေ၊ ကော်မတီဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များအား ရှင်းလင်းတင်ပြသည်။ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီအဖွဲ့ဝင်များက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ စာဖတ်ရှိန်မြှင့်တင်နိုင်ရေးတို့အတွက် ပွဲတော်များဆောင်ရွက်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများ၊ လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်တွင် လူမှုရေးဦးတည်ချက်တွင် ပါဝင်သည့် တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေးတို့ဖြစ်သည်။ ထို့အပြင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊၅၈လမ်း (၃၈လမ်းနှင့် ၃၉)လမ်းကြား၊ အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်၊ ပွဲတော်ရပ်၊ ရွာလယ်လမ်းဆုံ၊ ပွဲတော်ဘုန်းကြီးကျောင်းအနီးတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇွန် ၁၂ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အကွက် (ဖဖ-၀)၊ ၅၄ လမ်း (၁၁၀လမ်းနှင့် ၁၁၁)လမ်းကြား၊ ထွန်းတုံးရပ်ကွက်တွင် လည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း (၇၁ လမ်းနှင့် ၇၂)လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ) ရပ်ကွက်၊ ၁၁၈ လမ်း၊ (၇၂လမ်းနှင့် ၇၃)လမ်းကြားတို့တွင် လည်းကောင်း၊ ဇွန် ၁၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၃၆ လမ်းနှင့် ၆၉လမ်းထောင့်၊ ဝန်ထမ်းအိမ်ရာအနီး၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုမွှာရုံ၊ အ.ထ.က(၁) အနောက်ဘက်တို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မတ္တရာ ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀နာရီက အ.ထ.က(မြို့သစ်)တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသူမြင့်မှ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး လူငယ်တို့၏ရည်မှန်းချက်၊ စာရိတ္တနှင့် လူငယ်တို့ ရှောင်ရှားရမည့် မူးယစ်ဆေးဝါးအန္တရာယ် စသည့်ခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ဆရာ၊ ဆရာမများနှင့် G-6 နှင့် G-7 ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (၄၆၂)

## လမ်းရေဆေးခြင်းလုပ်ငန်း လူအင်အား၊ စက်ယန္တရားအင်အားတို့ဖြင့် စုပေါင်းဆောင်ရွက်

**မန္တလေး ဇွန် ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနနှင့် လမ်းတံတားဌာနတို့ ပူးပေါင်း၍ မြို့ပတ်ကမ်းနားလမ်း၊ မိုးကောင်းတံတားနှင့် ရတနာပုံတံတားအကြားတွင် ယနေ့နံနက်ပိုင်းမှ စတင်၍ လမ်းရေဆေးခြင်းလုပ်ငန်းကို လူအင်အား၊ စက်ယန္တရားအင်အားဖြင့်စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ အမရပူရမြို့နယ် သန့်ရှင်းရေးဝန်ထမ်း(၂၀)ဦး၊ လမ်းတံတားဌာနဝန်ထမ်း(၁၀)ဦးနှင့် ရေသယ်ယာဉ်(၅)စီးတို့ဖြင့် မြို့ပတ်ကမ်းနားလမ်းအနောက်ဘက်ခြမ်း၊ မိုးကောင်းတံတားမှ စတင်၍ လမ်းတစ်လျှောက်ရေဖြင့် ပက်ဖျန်းပေး၍ လမ်းပေါ်တင်ရှိနေသော သဲနှင့်နွန်းမြေများကို လုပ်သားအင်အားဖြင့် လှည်းချ ရှင်းလင်းခြင်းလုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လမ်းရေဆေးခြင်းလုပ်ငန်း အနောက်ဘက်ခြမ်းကို မိုးကောင်းတံတားမှ ရတနာပုံတံတားအထိ လည်းကောင်း၊ အရှေ့ဘက်ခြမ်းလမ်းကို ရတနာပုံတံတားမှ မိုးကောင်းတံတားအထိ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းတစ်ဖက်ပိတ်၍ လုပ်ငန်းဆောင်ရွက်ခြင်း လမ်းတစ်ဖက်ဖွင့်၍ ယာဉ်သွားလာစေခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လမ်းတံတားဌာန တာဝန်ခံ အင်ဂျင်နီယာထံမှ သိရသည်။



လမ်းရေဆေးဆောင်ရွက်ရခြင်းမှာ အဆိုပါလမ်းအသုံးပြုမှုများပြားခြင်း၊ ယာဉ်သွားလာမှုများခြင်းတို့ကြောင့် သဲ၊ ဖုန်မှုန့်များက မြင်ကွင်းမကောင်းခြင်း၊ ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စေခြင်းများကြောင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မန္တလေးနေ့စဉ်-၃

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ ဆင်လမ်းရေလှောင်တမံတွင် ကြည့်ရှုစစ်ဆေးစဉ်။

❂ ရှေ့ဖုံးမှ

အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ရေလှောင်တမံ အတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေပို့လွှဲနေရာ၌ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်မည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြင်ဦးလွင်မြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှု အခြေအနေများ၊ ကျောင်းစာကြည့်တိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**"အမျိုးသားစည်းကမ်းအစစာသင်ကျောင်း"က ဟူသည့်ဆောင်ပုဒ်နှင့်အညီ အနာဂတ်နိုင်ငံတော်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရမည်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောင်းစုံညီခန်းမ၌ ဆရာ ဆရာမများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် "အမျိုးသား စည်းကမ်းအစ စာသင်ကျောင်း" ကဟူသည့်အတိုင်း ကျောင်းသား ကျောင်းသူများ၏ အတန်းပညာတတ်မြောက်ရေးအပြင် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ရေးအတွက်ကိုလည်း သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ ဆရာမများက ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စာရင်းကောက်ယူထားရှိသည့် ကိန်းဂဏန်း အချက်အလက်များ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအားပေးမြှင့်တင်ရန် လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်ပြီးလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ ပညာရေးအားနည်းလျက်ရှိနေကြောင်း၊ ကလေးငယ်များအား မိဘများအနေဖြင့် သွန်သင်ဆုံးမပေးမှုများရှိသကဲ့သို့ ဆရာ ဆရာမများကလည်း သွန်သင်ပေးမှုများရှိကြောင်း၊ ငယ်စဉ်ကလေးဘဝတွင် ကျောင်းတက်ရသည့် အချိန်များသဖြင့် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမပေးမှုကို ပိုမိုရရှိကြကြောင်း၊ ကျောင်းလုံးဝမနေဖူးသူများအနေဖြင့် ဆရာ ဆရာမများ၏ သွန်သင်မှုအောက်တွင် နေခဲ့ရခြင်းမရှိခဲ့ကြောင်း၊ အတန်းပညာသင်ကြားပေးရမည်ဖြစ်သကဲ့သို့ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များ မြင့်မားစေရေးတို့အတွက်လည်း ဆရာ ဆရာမများအနေဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေး၊ အမျိုးသားရေးစိတ်ဓာတ်မြင့်မားရေးသည် အဓိကအရေးကြီးကြောင်း။

မိမိတို့နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် မတည်မငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက ပညာရေးအားနည်းသည့်ဒေသများ၌ ပိုမိုဖြစ်ပွားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အတန်းပညာတတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှုအားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပြီး ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာစေကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးနေရသည့် ကလေးငယ်များအား အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့် အတွေးအမြင်များကို သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ငယ်စဉ်ကလေးဘဝကတည်းက စနစ်တကျဖြင့် နေထိုင်သွားလာတတ်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လိမ္မာယဉ်ကျေးမှုရှိစေရေး သင်ကြားလေ့ကျင့်ပေးမှသာလျှင် အနာဂတ်ဘဝလမ်းတစ်လျှောက်၌ သာယာကောင်းမွန်သည့်လူမှုဘဝကို ရရှိစေမည်ဖြစ်ကြောင်း။

ကျောင်းစာကြည့်တိုက်နှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများ၏ အသက်အရွယ်နှင့် ကိုက်ညီသည့် စာအုပ်များထားရှိရန်လိုပြီး ကျောင်းသား ကျောင်းသူများနှင့် မသက်ဆိုင်သည့် စာအုပ်၊ စာပေများ မထားရှိရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူများ သုတ၊ ရသ စာပေများဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာအတတ်ပညာများတိုးပွားလာပြီး ၎င်းတို့ဘဝအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အတန်းပညာကို သင်ကြားမှုမှရရှိသကဲ့သို့ အသိပညာအား စာအုပ်စာပေများဖတ်ရှုခြင်းမှရရှိနိုင်ကြောင်း၊ ကလေးငယ်များကို သင်ကြားလေ့ကျင့်ပေးရသည့်သူများဖြစ်သည့် ဆရာ ဆရာမများအနေဖြင့်လည်း အသိပညာများပြည့်ဝစေရေး စာပေဖတ်မှတ်လေ့လာခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်စေလိုကြောင်း၊ မိမိတို့တာဝန်ယူထားရသည့် ဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားလေ့ကျင့်ပေးနိုင်ရမည် ဖြစ်သကဲ့သို့ မိမိတို့ ကြုံတွေ့ခဲ့ရသည့် ဘဝအတွေ့အကြုံများ၊ စာပေဖတ်မှတ်ခြင်းမှရရှိခဲ့သည့် အသိအမြင်များကိုလည်း စာမျက်နှာ ၄ သို့ ❂

❖ မိမိတို့နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် မတည်မငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက ပညာရေးအားနည်းသည့်ဒေသများ၌ ပိုမိုဖြစ်ပွားသည်ကို တွေ့ရှိရမည်

❖ အတန်းပညာတတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှုအားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပြီး ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာစေ

❖ ငယ်စဉ်ကလေးဘဝကတည်းက စနစ်တကျဖြင့် နေထိုင်သွားလာတတ်စေရေး၊ သန့်ရှင်းသပ်ယပ်မှုရှိစေရေး၊ လိမ္မာယဉ်ကျေးမှုရှိစေရေး သင်ကြားလေ့ကျင့်ပေးမှသာလျှင် အနာဂတ်ဘဝလမ်းတစ်လျှောက်၌ သာယာကောင်းမွန်သည့် လူမှုဘဝကို ရရှိစေမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ဆရာ ဆရာမ များအား တွေ့ဆုံ၍ အမှာစကား ပြောကြားစဉ်။



❂ စာမျက်နှာ ၃ မှ

ကလေးငယ်များထံသို့ မျှဝေပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် မိမိတို့နိုင်ငံ၏အနာဂတ်ကို ဦးဆောင်ကြမည့် အနာဂတ်မျိုးဆက်သစ် လူသားအရင်းအမြစ်ကောင်းများကို ပိုမိုမွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ပညာရေးကို ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိပြီး သင်ကြားရေးဝန်ထမ်းများအတွက်လည်း ဝတ်စုံစရိတ်များ၊ အိမ်ငှားခများ၊ ထောက်ပံ့ကြေးများ၊ ပညာရပ်ပိုင်းဆိုင်ရာ ချီးမြှင့်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနေခြင်းမှာ သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ပျော်ပျော်ရွှင်ရွှင်ဖြင့် ကျေပွန်စွာ၊ အာရုံစူးစိုက်မှုအပြည့်ရှိစွာဖြင့် ထမ်းဆောင်စေလို၍ဖြစ်ကြောင်း၊ အနာဂတ်တိုင်းပြည်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့်၊ အရည်အသွေးပိုမိုကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆရာ၊ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံးပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန် လိုအပ်မည်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားသိမြင်ရန်လိုကြောင်း၊ မိမိတို့တာဝန်ယူထားရသည့်တာဝန်များကိုကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့အရေးကို ကျေပွန်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များကို ပေးအပ်ရာ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိနှင့် ဆရာ ဆရာမများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိကြရာ ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုများ၊ မွေးမြူရေးအတတ်ပညာ၊ စိုက်ပျိုးရေးအတတ်ပညာနှင့် စက်မှုနည်းပညာ စာသင်ခန်းများအတွင်း သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး) အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်စဉ်။

စည်ပင်သာယာရေးဝန်ကြီးက ပြင်ဦးလွင်ဒေသ သန့်ရှင်းသာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မြို့ရေရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရတနာပုံမြို့သစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ လုပ်ငန်းဆောင်ရွက်မှုများ ရပ်ဆိုင်းခဲ့ရမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၅ သို့ ❂





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး) အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး) အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်ရွက်တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

✪ စာမျက်နှာ ၄ မှ

**ပြင်ဦးလွင်မြို့၏ သမိုင်းကြောင်းစဉ်လာနှင့် ဂုဏ်ဒြပ်ကောင်းများကို ဆက်လက်လက်ဆင့်ကမ်း ထိန်းသိမ်းဆောင်ရွက်သွားရမည်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်မြို့ကို ယခင်ကတည်းကပင် ပန်းမြို့တော်၊ ချယ်ရီမြို့တော်၊ တောင်လှေကားမြို့တော် စသည်ဖြင့် တင်စားခေါ်ဝေါ်ခဲ့ကြကြောင်း၊ ထိုသို့ခေါ်ဆိုမှုများနှင့်အညီ ကိုက်ညီသည့်မြို့တော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိအချိန်တွင် ပြင်ဦးလွင်ဒေသသို့ လာရောက်နေထိုင်သူများပြားလာပြီး မြို့နေလူဦးရေတိုးပွားလာခဲ့ကြောင်း၊ ပြင်ဦးလွင်မြို့သည် သမိုင်းကြောင်းစဉ်လာကြီးမားပြီး နာမည်ဂုဏ်ဒြပ်ကောင်းများနှင့် ပြည့်စုံသည့်မြို့ဖြစ်၍ မိမိတို့အနေဖြင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသအတွင်း လာရောက်နေထိုင်သူ များပြားလာမှုနှင့်အတူ စည်းကမ်းစနစ်တကျရှိအောင် ကြပ်မတ်ဆောင်ရွက်သွားခြင်းဖြင့် စနစ်တကျရှိပြီး ဖွံ့ဖြိုးတိုးတက်သည့်မြို့ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ပြင်ဦးလွင်မြို့သည် ပညာရေးနှင့်ပတ်သက်၍လည်း အစဉ်အလာကောင်းများရှိသည့် မြို့တစ်မြို့ဖြစ်ပြီး ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်မှု၏ အစပျိုးရာမြို့တစ်မြို့၌ ပါဝင်ကြောင်း၊ ပြင်ဦးလွင်မြို့အနေဖြင့်လည်း ၎င်းကဲ့သို့ ပညာရေးဆိုင်ရာ အခြေခံကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်း၍ ပညာရေးမြို့တော်အဖြစ် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကာ စည်းကမ်းစနစ်တကျရှိသည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို ဆက်လက်မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပညာရေးကောင်းမွန်ရန်အတွက် ကျောင်းသား၊ ဆရာ၊ မိဘတို့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့်အပြင် အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း လိုအပ်သည့်ကြီးကြပ်ကွပ်ကဲမှုများ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း။

ပြင်ဦးလွင်ဒေသတွင် သစ်ပင်ပန်းမန်များဖြင့် အစဉ်အမြဲ သာယာလှပစေရေးနှင့် သစ်ပင်များအား အကြောင်းမဲ့ခုတ်ထွင်ခြင်းများ မပြုလုပ်စေရေးအတွက် By Law များဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတကာ၌လည်း သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်းနှင့်ပတ်သက်၍ ဥပဒေများဖြင့် ထိန်းသိမ်းဆောင်ရွက်ကြကြောင်း၊ သစ်ပင်သစ်တောများထိန်းသိမ်းရေးနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနသာမက အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းအသီးသီးတွင်လည်း တာဝန်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသ စိမ်းလန်းသာယာစိုပြည်ရေးအတွက် သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားကြရန်လိုကြောင်း။

**မြေအသုံးချမှုနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းနှင့်ပတ်သက်သည့် ဥပဒေများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး သတ်မှတ်ပေးထားသည့်ခွင့်ပြုချက်များနှင့်အညီသာ ဆောင်ရွက်သွားရန်**လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဥပဒေက သတ်မှတ်ပေးထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ **အချို့လမ်းနယ်များ၌ ကျူးကျော်၍ မြေအသုံးချမှုများရှိနေပြီး လမ်းမကြီးများဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊** နိုင်ငံတော်တွင် ပြဋ္ဌာန်းပေးထားသည့်ဥပဒေများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ခဲ့ခြင်းများမရှိသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများကြုံတွေ့ရလျက်ရှိကြောင်း၊ ထို့ကြောင့် ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိကြရန်၊ လိုက်နာကြရန် လိုအပ်မည်ဖြစ်ပြီး မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသ၌လည်း မြေယာအသုံးချမှုများနှင့် ပတ်သက်၍ သတ်မှတ်ပေးထားသည့် ခွင့်ပြုချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နေသူများရှိသကဲ့သို့ သတ်မှတ်ချက်များကို ကျော်လွန်ချိုးဖောက်၍ အခြားနည်းများဖြင့် မြေယာအသုံးချမှုများလည်း ရှိနေကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မြေယာအသုံးချမှုများ စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

✽ မြေအသုံးချမှုနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းနှင့်ပတ်သက်သည့်ဥပဒေများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး သတ်မှတ်ပေးထားသည့်ခွင့်ပြုချက်များနှင့်အညီသာ ဆောင်ရွက်သွားရန်လို

✽ အချို့လမ်းနယ်များ၌ကျူးကျော်၍ မြေအသုံးချမှုများရှိနေပြီး လမ်းမကြီးများဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်မည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အား တာဝန်ယူဆောင်ရွက်ချိန်တွင် ဒီမိုကရေစီလမ်းကြောင်းအပေါ် လျှောက်လှမ်းနေခြင်းကြောင့် ဒီမိုကရေစီစနစ်တွင် ဥပဒေကို သိရှိနားလည်ရန်လိုအပ်သဖြင့် ဌာနဆိုင်ရာအကြီးအကဲများအားလုံးအား ဥပဒေသင်တန်းများ မဖြစ်မနေတက်ရောက်စေခဲ့ကြောင်း၊ အလားတူအခြေခံပညာကျောင်းများ၌ KG+12 ကျောင်းသား ကျောင်းသူများအား ဥပဒေနှင့်ပတ်သက်ပြီး အခြေခံများကို သိရှိစေရေး သင်ကြားပေးလျက်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ လောင်းကစားမှုဥပဒေ၊ လူကုန်ကူးမှုဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေ အစရှိသည့် ကျောင်းသားကျောင်းသူအရွယ်များ သိရှိနားလည်နိုင်သည့် ဥပဒေများကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ KG+12 တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများသည် အသက် ၁၇ နှစ်နှင့် ၁၈ နှစ်အရွယ်ပတ်ဝန်းကျင်များဖြစ်ကြပြီး အသက် ၁၈ နှစ်ပြည့်ပါက ဆန္ဒမဲပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေကို သိရှိနားလည်နိုင်ရေးသင်ကြားပေးခြင်းဖြစ်ပြီး ဥပဒေနှင့်ပတ်သက်၍ စာမေးပွဲဖြေဆိုရမည် မဟုတ်ကြောင်း၊ အခြေခံဥပဒေပညာကို သင်ကြားပေးမည့် ဆရာ၊ ဆရာမများကိုလည်း ဥပဒေကို နားလည်သိရှိအောင် Training of Trainners (TOT) သင်တန်းများပေးပြီး သင်ကြားစေခဲ့ခြင်းဖြစ်ကြောင်း၊ ထို့မှတစ်ဆင့် KG+11 နှင့် KG+10 ကျောင်းသား ကျောင်းသူများကိုလည်း ဥပဒေနှင့်ပတ်သက်သည့်အခြေခံများကို သိရှိနားလည်နိုင်စေရေး ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်အသီးသီး၌လည်း ဒီမိုကရေစီ၏ အခြေခံဖြစ်သည့်ဥပဒေအား သိရှိနားလည်နိုင်ရန်နှင့် စီးပွားရေးနှင့်ပတ်သက်သည့် အသိအမြင်များရှိစေရေးအတွက် ဥပဒေနှင့်စီးပွားရေးဆိုင်ရာ အခြေခံဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ ဥပဒေအသိရှိစေရေး BA (Law) သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ စီးပွားရေးအသိရှိစေရေးအတွက်လည်း BA (Eco) သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ပြင်ဦးလွင်၏ဂုဏ်ကို ဖော်ညွှန်းထားသည့် အမည်နာမများနှင့်ကိုက်ညီအောင် အကောင်အထည်ဖော်နိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အစိုးရအနေဖြင့် မူဝါဒချမှတ်ပေးမည်ဖြစ်ပြီး ယင်းမူဝါဒကို အကောင်အထည်ဖော်ရန်မှာ ဌာနဆိုင်ရာများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူးများတွင် အဓိကတာဝန်ရှိပြီး ဦးဆောင်လမ်းပြမှုကောင်းစွာဖြင့် ဒေသနှင့်ဒေသခံများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့များသို့သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို စဉ်ဆက်မပြတ် လမ်းညွှန်မှာကြားလျက်ရှိကြောင်း၊ ထိုသို့မှာကြားနေရခြင်းမှာ နိုင်ငံရေးလုပ်ဆောင်နေခြင်းမဟုတ်ဘဲ နိုင်ငံကောင်းရာကောင်းကျိုးအတွက် လုပ်သင့်လုပ်ထိုက်သည့်ကိစ္စရပ်များကိုလုပ်ဆောင်သွားရန်၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို ဖော်ဆောင်သွားကြရန် မှာကြားနေခြင်းဖြစ်ပြီး နိုင်ငံ့အရေးကို လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း။

သစ်ပင်သစ်တောများ ထိန်းသိမ်းပြီး စိမ်းလန်းစိုပြည်ရေးနှင့်ပတ်သက်၍လည်း ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ ပစ္စုပ္ပန်တွင် နေထိုင်နေကြသည့်သူများက ထိန်းသိမ်းဆောင်ရွက်သွားမှသာလျှင် ပြင်ဦးလွင်ဒေသ၏ အေးမြပြီးလတ်ဆတ်သည့်ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ကို အနာဂတ်လူငယ်များထံသို့ လက်ဆင့်ကမ်းနိုင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ဒေသခံများနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်းလက်ဆင့်ကမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် သုမင်္ဂလာဈေး (ညံတောဈေး) အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇွန် ၁၁

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရေဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၆-၂၀၂၅ ရက်နေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ-၅ တတိယကော်လံ စာကြောင်းရေ လေးကြောင်းမြောက်တွင် ဖော်ပြပါရှိသော ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း အစား ဦးအောင်အောင် ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

# ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီများရှိ သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်



နေပြည်တော် ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီများရှိ သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ကြွရောက်တော်မူပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးရုံးချုပ်(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စေတီတော်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင် မွမ်းမံဆောင်ရွက်သွားမည့် အခြေအနေများကို Power Point ဖြင့် ရှင်းလင်းလျှောက်ထားတင်ပြသည်။ ထို့နောက် သီတဂူဆရာတော်ကြီးထံမှ ဆုံးမဩဝါဒခံယူပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား ဖယ်ရှားရှင်းလင်းထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပလျက်ရှိသည့် (၅)ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားဖိုရမ်နှင့် ခရီးသွားပြပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် ဇွန် ၁၁

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ VDNH ပန်းခြံပြပွဲခန်းမ၌ ဇွန် ၁၀ ရက်မှ ၁၅ ရက်အထိ ကျင်းပသော (၅)ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားဖိုရမ်နှင့် ခရီးသွားပြပွဲသို့ တက်ရောက်ခဲ့သည်။

ခရီးသွားပြပွဲကို "Let's Travel" ခေါင်းစဉ်နှင့်အတူ နိုင်ငံတကာခရီးသွားဖိုရမ်ကို ပူးတွဲကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ဆွေးနွေးပွဲစတင်ဖွင့်လှစ်**

မော်စကိုနိုင်ငံတကာ ခရီးသွားဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒီမစ်ထရီ ချယ်နေရှန်ကိုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မက်ဆင်ရီ ရှတ်နီ့ကိုဗ်တို့က "Discovering Russia: How travel is changing the country" ဆွေးနွေးပွဲဖြင့် စတင်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ် ဒီမစ်ထရီချယ်နေရှန်ကိုက ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်ပေးပို့သော နှုတ်ခွန်းဆက်စကားကို ဖတ်ကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မီခေးလ် မီရှူးစတင်း၏ သတင်းစကားရုပ်သံကို ဖွင့်လှစ်ပြသသည်။

**ရှုထောင့်အသီးသီးမှဆွေးနွေး**

ထို့နောက် "Discovering Russia: How travel is changing the country" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို စတင်ကျင်းပရာ ဒုတိယဝန်ကြီးချုပ် ဒီမစ်ထရီချယ်နေရှန်ကိုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မက်ဆင်ရီရှတ်နီ့ကိုဗ်တို့က ဆွေးနွေးပွဲ၏ သဘာပတိအဖြစ်ဆောင်ရွက်ကြပြီး ဒိုင်းမော့ကုမ္ပဏီတည်ထောင်သူ မစ္စတာဒိုင်းမော့၊ ဗိုဒ်ိုလက် မြန်နှုန်းမြင့်သဘော်ကုမ္ပဏီ၏ ညွှန်ကြားရေးမှူးချုပ်အပါအဝင် ခရီးသွားလုပ်ငန်း၊ စားသောက်ဆိုင်နှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ ခုနစ်ဦးတို့က ခရီးသွားလုပ်ငန်း၏နိုင်ငံ့စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများကို ကဏ္ဍအလိုက်ရှုထောင့်အသီးသီးမှ ဆွေးနွေးကြသည်။

ဇွန် ၁ဝ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မက်ဆင်ရီရှတ်နီ့ကိုဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံသည်။ (အပေါ်ယာပုံ)



တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ရေး၊ မြန်မာနှင့် ရုရှားနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ရင်းနှီးကျွမ်းဝင်မှုခရီးစဉ် (Familiarization Trip - FAM Trip) များကို အပြန်အလှန် စီစဉ်ဆောင်ရွက်ရေး၊ မြန်မာ - ရုရှား နှစ်နိုင်ငံပြည်သူများအတွက် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားပြပွဲများတွင် ပူးပေါင်းပါဝင်ပြသကြရေး၊ မြန်မာနိုင်ငံသို့ ရုရှားခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရေး၊ ပြည်ပသို့ခွင့် ရက်ရှည်ဖြင့် အပန်းဖြေခရီးသွားရောက်ကြသော ရုရှားနိုင်ငံသား အစိုးရဝန်ထမ်းများကို မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဖိုရမ်အတွင်း လှည့်လည်ကြည့်ရှုကာ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုသော Cosmos Hotel Group နှင့် BN Group တို့မှ ရုရှားနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ သာယာလှပသော ကမ်းခြေများနှင့် ခရီးသွားဆွဲဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ၊ ကနဦးစီမံကိန်း (Pilot Project)အဖြစ် လာရောက်ဆောင်ရွက်လိုပါက ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက မော်စကိုမြို့ရှိ DOM VISHNEVSKY စင်တာ၌ တည်ခင်းဧည့်ခံသည့် " The Russian Manor: A Celebration of Customs" ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပလတ်စတစ်ကြောင့်ဖြစ်ပေါ်သည့် ညစ်ညမ်းမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်ရန်လို

**မန္တလေး ဇွန် ၁၁**

သက်ရှိများ၏ အစာကွင်းဆက်ကို ထိခိုက်နိုင်သဖြင့် ပလတ်စတစ်ကြောင့် ဖြစ်ပေါ်နေသော ညစ်ညမ်းမှု လျှော့ချရေးအတွက် အများပြည်သူပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"စည်းကမ်းမဲ့ပလတ်စတစ် စွန့်ပစ်မှုကြောင့် သက်ရှိတွေရဲ့ အစာကွင်းဆက်တွေကို ထိခိုက်နိုင်သလို မြေကြီး၊ ရေထုကိုပါ ညစ်ညမ်းပျက်စီးထိခိုက်လာနိုင်တယ်။ အဲ့ဒါကြောင့် အချိန်ကြာလာရင် မြေဆီလွှာပျက်စီးမှုကြောင့် စိုက်ပျိုးရေးကဏ္ဍအပြင် ရေအရင်းအမြစ်တွေပါ ထိခိုက်နိုင်ပါတယ်။ ဒါ့ကြောင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေးမှာ ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လိုပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်(UNEP)၏ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်း နှစ်စဉ် ပလတ်စတစ်တန်ချိန် သန်း၄၃၀ ကျော်ထုတ်လုပ်လျက်ရှိကြောင်းနှင့် ထုတ်လုပ်လိုက်သည့်ပလတ်စတစ်များ၏ သုံးပုံ နှစ်ပုံမှာ စွန့်ပစ်ပစ္စည်းများအဖြစ် မြစ်ချောင်း၊ ပင်လယ်သမုဒ္ဒရာများထဲသို့ ရောက်ရှိသွားပြီး မိုက်ခရိုပလတ်စတစ်များအဖြစ် ပြောင်းလဲသွားကာ လူသားတို့၏ အစာကွင်းဆက်နှင့် သက်ရှိများ၏ ကျန်းမာရေးကို ထိခိုက်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်တွင် Fauna & Flora International (FFI) နှင့် သန့်မြန်မာတို့၏ လေ့လာတွေ့ရှိချက်အရ တစ်ရက်လျှင် ပလတ်စတစ်တန်ချိန် ၁၀၀ ခန့် ဧရာဝတီမြစ်ထဲသို့ရောက်ရှိနေကြောင်း သိရသည်။

ZLH

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ရတနာဗိမာန်ထူပါရုံ ရွှေကျောင်းတိုက်တွင် အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများ အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု ရွှေလွန်းကျေးရွာရှိ ရတနာဂူစေတီတော်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇွန် ၁၁

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် စစ်ကိုင်းပညာရေးတက္ကသိုလ်အတွင်းရှိ Grade-12 စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အနီးကပ်စခန်းသွင်း လေ့ကျင့်နေမှုများနှင့် လေ့ကျင့်သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စာသင်ဆောင်များကို ကျောင်းဖွင့်ရာသီအမီ ပြင်ဆင်ထားရှိမှုများအား လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းမြို့ရှိ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် နေအိမ်အဆောက်အအုံများ၌ အပျက်အစီးများအား စက်ယန္တရားကြီးများဖြင့် မိုးမကျမီ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ စစ်ကိုင်းမြို့ရှိ ပြည်သူများအတွက် တပ်မတော်ရေသန့်စက်ဖြင့် ရေပေးဝေနေမှုနှင့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

အလားတူကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်၊ ထင်းဝန်းရပ်ကွက်၊ ချမ်းအေးသာစံ အလယ်ရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံများ၌ ဖြိုချရှင်းလင်းရန် ကျန်အဆောက်အအုံများအား လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု၊ ဖြိုချပြီး အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှု၊ ဖြိုချဖျက်ဆီးဆဲ အန္တရာယ်ရှိ အဆောက်အအုံများ၌ စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းရေး ဆောင်ရွက်နေမှု၊ အများပြည်သူ အသုံးပြုမှုများသည့် လမ်းမကြီးများ၌ လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာသွားလာနိုင်ရေး ဆောင်ရွက်ထားရှိမှုများနှင့် အောင်မြေသာစံမြို့နယ် အမရဋ္ဌာနီအရှေ့ရပ်နှင့် အောင်မြေသာစံရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု ရွှေလွန်းကျေးရွာနှင့် ဈေးချိုရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီများနှင့် သာသနိက အဆောက်အအုံများ၌ အပျက်အစီးများအား တပ်မတော်သားများက အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှု၊ စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုနှင့် ပြန်လည်တူးဖော်ရရှိသော ရှေးဟောင်းဌာပနာပစ္စည်းများအား စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ချမ်းမြသာစည်မြို့နယ် သမ္မဝတီရပ်ကွက်ရှိ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေး၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပင်းယဆောင်တွင် ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကားများ ပြောကြားသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်နှင့် ကြက်မင်းတွန်ရပ်ကွက်များရှိ ခရိုင်/မြို့နယ် စိုက်ပျိုးရေး ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ၊ ဆူးကုန်းရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်ရုံးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဆူးကုန်းရပ်ကွက်ရှိ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုများ၊ ကျောက်ဆည်မြို့ စုကြီးရပ်ကွက်ရှိ ကျောက်သေတ္တာစေတီ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများ သယ်ယူရန် စတီးကြိုးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများ နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်တွင် အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ စုကြီးရပ်ကွက်ရှိ ကျောက်သေတ္တာစေတီပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်ရေး အခြေခံသဘောတူညီချက်ထွက်ပေါ်လာ



**လန်ဒန် ဇွန် ၁၁**

ကမ္ဘာ့အကြီးဆုံး စီးပွားရေး အခြေခံအဆောက်အအုံများပိုင်ဆိုင်သော အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်ရေး အငြင်းပွားမှုများကို လျှော့နည်းစေမည့် အခြေခံသဘောတူညီချက်တစ်ရပ် ယမန်နေ့က ထွက်ပေါ်လာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယင်းသဘောတူညီမှုသည် မြေရှားသတ္တုများနှင့် သံလိုက်များအပေါ် ကန့်သတ်ချက်များကို ဖြေရှင်းနိုင်စေရန် ရည်ရွယ်သည်ဟု အမေရိကန်စီးပွားရေးရာ အတွင်းရေးမှူး ဟောင်းဝပ်လတ်နစ်က ရှင်းပြသည်။

နှစ်ဖက်စလုံးက ယင်းအစီအစဉ်ကို နိုင်ငံတော်သမ္မတများဖြစ်သည့် ဒေါ်နယ်လ်ထရမ့်နှင့် ရှီကျင့်ဖျင်တို့နှစ်ဦးထံ တင်ပြအတည်ပြုမည်ဟု ဆိုသည်။

ယင်းကြေညာချက်ကို တရုတ်နှင့် အမေရိကန် ထိပ်တန်းအရာရှိများအကြား ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ နှစ်ရက်ကြာဆွေးနွေးမှုများအပြီး ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## မောင်းသူမဲ့ စက်ရုပ်အငှားယာဉ်ဝန်ဆောင်မှုပေးရန် အစီအစဉ် တက်စလာအမှုဆောင်အရာရှိချုပ် အီလွန်မတ်စ် အတည်ပြု

**ဝါရှင်တန် ဇွန် ၁၁**




တက်စလာကုမ္ပဏီက လာမည့်ဇွန် ၂၂ ရက်နေ့မှ စတင်၍ ပြည်သူများအား မောင်းသူမဲ့စက်ရုပ်အငှားယာဉ် ဝန်ဆောင်မှုပေးရန် စီစဉ်ထားသည်ဟု အမှုဆောင်အရာရှိချုပ် အီလွန်မတ်စ်က ဇွန် ၁၀ ရက်တွင် အတည်ပြုပြောကြားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မတ်စ်သည် တက်စလာ၏ အနာဂတ်ကို မောင်းသူမဲ့ယာဉ်များအပေါ် အခြေခံထားပြီး ဈေးနှုန်းချိုသာသော လျှပ်စစ်ကား ပလက်ဖောင်းတည်ဆောက်ရန် အစီအစဉ်များမှ ပြောင်းလဲကာ ထိုသို့စီစဉ်ခဲ့ခြင်းဖြစ်သည်။

သို့သော် မောင်းသူမဲ့ယာဉ်များကို စီးပွားဖြစ်မိတ်ဆက်ရန် စိုးရိမ်မှုများ၊ ကြပ်မတ်သည့် စည်းမျဉ်းများနှင့် မြင့်တက်လာသော ရင်းနှီးမြှုပ်နှံမှုတို့ကြောင့် စိန်ခေါ်မှုများရှိခဲ့ပြီး ၎င်း၏အစီအစဉ်နှင့်ပတ်သက်၍ များစွာသံသယရှိနေကြဆဲဟု ဆိုသည်။

"ကျွန်တော်တို့ဟာ ဘေးကင်းရေးကို အလွန်အမင်းအလေးထားနေတဲ့အတွက် ရက်စွဲပြောင်းသွားနိုင်တယ်"ဟု မတ်စ်က အိတ်ခ်စ်လူမှုကွန်ရက်တွင် ရေးသားခဲ့ပြီး တက္ကဆက်ပြည်နယ်၊ အော်စတင်မြို့တွင် ပထမဆုံးအကြိမ်အဖြစ် ပြည်သူများအား အဆိုပါစက်ရုပ်အငှားယာဉ် ဝန်ဆောင်မှုပေးရန် အစီအစဉ်နှင့်ပတ်သက်၍ အသုံးပြုသူတစ်ဦး၏ မေးခွန်းကို တုံ့ပြန်စဉ် ယင်းကဲ့သို့ ထုတ်ဖော်ပြောခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



တရုတ်နိုင်ငံ၏ ဒုတိယမြောက် ပြည်တွင်းတည်ဆောက်သော အဒိုရာဖလိုရာစီးတီးဟုအမည်ရသည့် ဇိမ်ခံသင်္ဘောကြီး ရေပန်းဖြင့် ဂုဏ်ပြုခံရပြီး ရှန်ဟိုင်း ဝိုင်ကာအိုကျွန်း၌ ရေပေါ်သို့ ပထမဆုံး အောင်မြင်စွာ ပေါ်ထွက်လာစဉ်။

**Mon**

## ဂျက်အဲအေးရှားလေကြောင်းလိုင်းကို ပိတ်သိမ်းတော့မည်ဟု ဩစတြေးလျနိုင်ငံရှိ ကွမ်တက်စ်လေကြောင်းလိုင်း ထုတ်ပြန်ကြေညာ




**ကင်ဘာရာ ဇွန် ၁၁**

ဂျက်အဲအေးရှားဟု အမည်ရသော ဈေးနှုန်းချိုသာသည့် စင်ကာပူအခြေစိုက် လေကြောင်းလိုင်းကို ပိတ်သိမ်းတော့မည်ဟု ဩစတြေးလျနိုင်ငံရှိ ကွမ်တက်စ်လေကြောင်းလိုင်းက ထုတ်ပြန်ကြေညာလိုက်ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

ထိုသို့ပိတ်သိမ်းရခြင်းမှာ အထွေထွေကုန်ကျစရိတ်များ မြင့်တက်လာခြင်း၊ လေဆိပ်ဝန်ဆောင်ခများ တိုးမြင့်လာခြင်းနှင့် ဈေးနှုန်းချိုသာသည့် လေကြောင်းလိုင်းများအကြား ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာခြင်းတို့ကြောင့် ဖြစ်သည်။

ထိုလေကြောင်းလိုင်းသည် ဇူလိုင်လ ၃၁ ရက်တွင် လုပ်ငန်းများကို ရပ်ဆိုင်းမည်ဖြစ်ပြီး လာမည့် ရက်သတ္တခုနှစ်ပတ်အတွင်းသာ ခရီးစဉ်များကို ဆက်လက်ပျံသန်းမည်ဖြစ်သည်။

ပယ်ဖျက်လိုက်သော ခရီးစဉ်များတွင် ကြိုတင်စာရင်းသွင်းထားသည့် ဂျက်စတားအေးရှား ခရီးသည်များအား အပြည့်အဝငွေပြန်အမ်းပေးမည်ဖြစ်ပြီး ကွမ်တက်စ်အုပ်စုအနေဖြင့်လည်း ဖြစ်နိုင်ပါက အခြားလေကြောင်းလိုင်းများသို့ ခရီးသည်များကို လွှဲပြောင်းစီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**




## လော့စ်အိန်ဂျယ်လိစ်တွင် မြို့တော်ဝန်ကာရင်ဘတ်စ်က မြို့လယ်ခေါင်နေရာတစ်ခုအတွက် ညမထွက်ရအမိန့် ထုတ်ပြန်

**ဝါရှင်တန် ဇွန် ၁၁**

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျယ်လိစ်တွင် မြို့တော်ဝန် ကာရင်ဘတ်စ်က အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တင်းကျပ်မှုများကို ဆန့်ကျင်သည့် ဆန္ဒပြမှုများကြောင့် မြို့လယ်ခေါင်ဒေသ၏ သီးသန့်နေရာတစ်ခုအတွက် ညမထွက်ရအမိန့် ထုတ်ပြန်ကြေညာလိုက်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

လုပ်ငန်းများစွာ ထိခိုက်ပျက်စီးမှုများ ကြုံတွေ့ခဲ့သည့်အပြင် ယမန်နေ့ညက ဆိုင် ၂၃ ဆိုင် လုယက်ဖျက်ဆီးခံခဲ့ရပြီး လော့စ်အိန်ဂျလိစ်မြို့လယ်ကို ဖြတ်မောင်းကြည့်ပါက နံရံများတွင် ဆေးမှုတ်ထားခြင်းများနှင့် လုပ်ငန်းနှင့်ပိုင်ဆိုင်မှုများအတွက် ကြီးမားသော ပျက်စီးမှုများဖြစ်စေခဲ့သည်ကို တွေ့ရမည်"ဟု မြို့တော်ဝန်ဘတ်စ်က သတင်းစာရှင်းလင်းပွဲတွင် ရှင်းပြသည်။

ဥပဒေစိုးမိုးရေးအဖွဲ့များက ညမထွက်ရအမိန့် ချိုးဖောက်သူများကို ဖမ်းဆီးအရေးယူမည်ဖြစ်သည်ဟုလည်း ၎င်းက သတိပေးခဲ့သည်။

ထရမ့်၏ အမိန့်ဖြင့် အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ဝင် ၂၀၀၀ ဦးကို စေလွှတ်ခဲ့ပြီးနောက် ဆန္ဒပြမှုများအတွင်း အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**Mon**

## တောက်ပထွန်းပြောင်သော ကျီးပေါ်ဖန်အနုပညာပြပွဲကို တရုတ်နိုင်ငံ အမျိုးသားပြတိုက်၌ ဖွင့်လှစ်ပြသ

**ပေကျင်း ဇွန် ၁၁**

တရုတ်နိုင်ငံ အမျိုးသားပြတိုက်၊ ဆန်းတုန်းပြည်နယ် ယဉ်ကျေးမှုနှင့် ခရီးသွားလာမှုဌာန(ဆန်းတုန်းပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်ဌာန)၊ ကျီးပေါ်မြို့ ပြည်သူ့အစိုးရတို့က ကြီးမှူးကျင်းပသည့် တောက်ပထွန်းပြောင်သော ကျီးပေါ်ဖန်အနုပညာပြပွဲကို ဇွန် ၁၀ ရက်တွင် တရုတ်နိုင်ငံ အမျိုးသားပြတိုက်၌ စတင်ဖွင့်လှစ်ပြသခဲ့သည်။

ယခုအကြိမ်ပြပွဲတွင် ရှေးခေတ်၊ ယနေ့ခေတ် လက်ရာမွန် ဖန်ထည်ပစ္စည်းပေါင်း ၁၈၀ ကျော်ကို ခင်းကျင်းပြသထားရာ တရုတ်နိုင်ငံ ဖန်ထည်သမားရိုးကျလက်မှုပညာ၏ ရှေ့ဆက်လက်ဆင့်ကမ်းမှုနှင့် ယနေ့ခေတ် အသွင်ပြောင်းမှုကို ပေါ်လွင်စေခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# STOP AIDS

## ဩစတြီးယားနိုင်ငံ ဂရာ့ဇ်မြို့ရှိ ကျောင်းတစ်ကျောင်းတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား လူ ၁၀ ဦး သေဆုံး၊ ၁၂ ဦး ဒဏ်ရာရ

**ဗီယင်နာ ဇွန် ၁၁**

ဩစတြီးယားနိုင်ငံ၊ ဂရာ့ဇ်မြို့ရှိ ကျောင်းတစ်ကျောင်းတွင် ဇွန် ၁၀ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သေနတ်ကိုင်သူသည် အသက် ၂၁ နှစ်အရွယ် ကျောင်းသားဟောင်းတစ်ဦးဖြစ်ပြီး ဖြစ်စဉ်အပြီးတွင် ကျောင်းအတွင်းရှိ ရေချိုးခန်းတစ်ခု၌ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့သည်ဟု ဆိုသည်။

လတ်တလောတွင် အဆိုးရွားဆုံး သေနတ်ပစ်ခတ်မှုဟု ဆိုနိုင်သော ထိုဖြစ်စဉ်သည် မြို့၏ အနောက်မြောက်ပိုင်းရှိ ဒရိုင်ယာစကူဇင်ဂတ်ဆေ အထက်တန်းကျောင်းတွင် ဖြစ်ပွားခဲ့သည်။

အမျိုးသမီး ၆ ဦးနှင့် အမျိုးသား ၃ ဦး သေဆုံးခဲ့ပြီး ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ အခြား ၁၂ ဦး ဒဏ်ရာရရှိခဲ့ရာ အချို့မှာ အခြေအနေဆိုးရွားနေကြောင်း ပြည်ထဲရေးဝန်ကြီး ဂျရတ်ကာနာက ပြောကြားသည်။

အင်္ဂါနေ့ နှောင်းပိုင်းက ဒဏ်ရာရရှိသူ အမျိုးသမီးတစ်ဦး ဆေးရုံတွင် သေဆုံးခဲ့ပြီး သေဆုံးသူအရေအတွက် ၁၀ ဦးအထိ ရှိလာကြောင်း သိရသည်။

**Mon**

0-0-0-0-0

0-0-0-0



## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ရေပြင်အသက်ကယ်သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်

**ကျောက်ဆည် ဇွန် ၁၁**

ရေကြီးနစ်မြုပ်ခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် ဇွန် ၁၀ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ မင်းရဲဆည်တွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ရေပြင်အသက်ကယ်သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ သဘာဝဘေးကြိုတင်ကာကွယ်ရေး ရေပြင်အသက်ကယ်သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်း သရုပ်ပြဆောင်ရွက်နေမှုများအား ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်၊ ကျောက်ဆည်တပ်နယ်မှူး ဗိုလ်မှူးချုပ် တိုးမြင့်ကျော်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောလွင်အေးနှင့် တပ်ဖွဲ့ဝင်များက ဦးဆောင်ကာ ဘေးအန္တရာယ်ကျရောက်နေသူများအား ရှာဖွေကယ်ထုတ်ခြင်း၊ ရေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**အောင်ပိုင်ပိုင်ကျော်**

## အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**သရက် ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေး ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ခရိုင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် သရက်ခရိုင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ခေါင်းဆောင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး သရက်ခရိုင်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်လှိုင်က လူမှုကွန်ရက်ပေါ်တွင် သတင်းတုများ၊ နိုင်ငံတော်အကြည်ညိုပျက်စေသည့် သတင်းများဖော်ပြလျှင် ဥပဒေအရ အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားပေးခဲ့ကာ သရက်ခရိုင်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU)အဖွဲ့ဝင် ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေများနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် သရက်ခရိုင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU)အဖွဲ့ဝင် ခရိုင်စာရင်းစစ်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်၊ သရက်ခရိုင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့်



ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းသန်းလှိုင်၊ သရက်ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)အဖွဲ့ဝင် ပြည်တွင်းအခွန်ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရည်လေးမွန်၊ သရက်ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU)အဖွဲ့ဝင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းမင်းစိန်တို့က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးကြရာ တက်ရောက်လာသူများ၏ ဆွေးနွေးမှုများအပေါ် သက်ဆိုင်သည့်ဌာနအလိုက် ဖြေကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀-၀-၀

## မန္တလေးဆိပ်ကမ်း ကမ်းပါးနယ်တွင် သစ်ပင်ကြီး လဲကျခဲ့ရာ ရေယာဉ်တစ်စီး အနည်းငယ်ထိခိုက်



**မန္တလေး ဇွန် ၁၁**

မန္တလေးဆိပ်ကမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဧရာဝတီမြစ်ကမ်းပါးနယ်ရှိ အသက်ကြီးရင့်ပြီဖြစ်သော ကုက္ကိုပင်ကြီးသည် ဇွန် ၁၁ ရက်၊ နံနက် ၁ နာရီဝန်းကျင်က မြစ်ဘက်သို့ လဲကျသွားခဲ့ရာ ဆိပ်ကမ်းတွင် ရပ်နားထားသည့် ရေယာဉ်တစ်စီး အနည်းငယ်ထိခိုက်ခဲ့ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ဖြစ်တဲ့နေရာက ဒေးဝန်းဆိပ်ကမ်းလို့ ခေါ်ပါတယ်။မြစ်ကမ်းပါးမှာပေါက်နေတဲ့ သက်ကြီးကုက္ကိုပင်ကြီးပါ။ ပိုးထိုးထားတာကြောင့် ဆွေးမြေ့နေတော့ အလယ်ကနေ နှစ်ခြမ်းကွဲပြီး မြစ်ဘက်ကို လဲကျသွားတယ်။ ရေယာဉ်တစ်စီးရဲ့ ဦးပိုင်း အနည်းငယ်ထိခိုက်မှု နည်းနည်းဖြစ်ခဲ့ပြီး လူထိခိုက်တာမရှိပါဘူး"ဟု ယင်းဌာန တာဝန်ရှိသူက ပြောသည်။

အဆိုပါဖြစ်စဉ် ညဦးပိုင်းမှစတင်၍ မန္တလေးတွင် အချိန်ကြာမြင့်စွာ မိုးရွာသွန်းမှုရှိခဲ့သော်လည်း လဲကျသွားသော ကုက္ကိုပင်၏ အမြစ်များကျန်ရစ်ခဲ့ပြီး အပေါ်ပိုင်းသည် မြစ်ဘက်သို့ ဦးတည်လဲကျခဲ့သဖြင့် ရပ်နားထားသော ရေယာဉ်တစ်စီးမှာ သစ်ကိုင်းများထိခိုက်မှုကြောင့် ပျက်စီးမှုအနည်းငယ်ရှိခဲ့သည်ဟု ဆိုသည်။

မြစ်ကမ်းပါးနယ်မှာ ပေါက်ရောက်နေသည့် သက်ကြီးပင်ဖြစ်သောကြောင့် မိုးရွာသွန်းရာက အောက်ခြေ အမြစ်များပြုတ်ထွက်ကာ လဲကျကြောင်းနှင့် အခြားရေယာဉ်ငယ်တစ်စီးလည်း အနည်းငယ် ထိခိုက်သည်ဟု ဂေါဝိန်ဆိပ်နေထိုင်သူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ညက မန္တလေးတွင် အချိန်ကြာမြင့်စွာ မိုးရွာသွန်းမှုရှိခဲ့ပြီး လဲကျသွားသော ကုက္ကိုပင်၏အမြစ်များ ကျန်ရစ်ခဲ့ကာ အပေါ်ပိုင်းသည် မြစ်ဘက်သို့လဲကျခဲ့ကြောင်း၊ လဲကျသည့် သစ်ပင်၊ သစ်ကိုင်းများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ ဝန်ထမ်းများ၊ ဆိပ်ကမ်းတာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့မှ ရှင်းလင်းရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်-၉)**

# အမြို့မြို့ အနယ်နယ်မှ မှူခင်းသတင်းများ

## စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၅ရက်တွင် အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၌ တရားမဝင် အခြားသစ် ၀ ဒသမ ၂၈၂ တန်ကို သစ်တောဥပဒေအရလည်းကောင်း၊ အမရပူရမြို့နယ် ရတနာပုံတံတား(နှာပေါက်)စစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ၊ ဒီဇယ်ဆီ ၄၁ ပီပါ၊ ဓာတ်ဆီ နှစ်ပီပါကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ဇွန် ၉ ရက်တွင် ဟန်မြင့်မိုရ်-ရွှာင်လမ်းဆင်ခေါင်းတောင်အနီး၌ ကျင်စန်းကျော့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်လေးစီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ကိုးမျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck သုံးစီး၊ Scania Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲနှင့် မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၆ မျိုး၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီးတို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စခတ (၈) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၆၉၈ ပီပါကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ ခုနစ်လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇွန် ၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ်အစီး ၃၀ နှင့် လိုင်စင်မဲ့ဆိုင်ကယ် ၆၉ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ယင်းတရားမဝင် ကုန်သွယ်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် ၃၀ မိုင် (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် ၅၀ မိုင် (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့် “Thet Zaw Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကွမ်းဆိပ်ကျေးရွာနေ သက်ဇော်ဦးအား ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ ဇွန် ၁၀ ရက်တွင် “Ko Kyi Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တက်သစ်ကျေးရွာနေ ကြည်စိုးလွင်(ခ)ကြည်စိုးအား နံနက် ၉ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “ရောဝတီ ဒေါင်းနီ” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာနေ သက်နိုင်ထွန်း(ခ) ဗိုလ်ဒေါင်းနီအား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀ ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် ဇွန် ၁၁

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူနှိမ်နင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာယနေ့တွင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မဲ့ထော်သလေး (KK Park) နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၁ ဦး၊ တရုတ် နိုင်ငံသား ငါးဦး၊ နီပေါနိုင်ငံသား သုံးဦး၊ အင်ဒိုနီးရှားနိုင်ငံသား တစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၂၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့သည်။



အဆိုပါ ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက နေ့ချင်းပြီး ဆောင်ရွက်နေမှုအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၃၄ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၅၄ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၈၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်း ဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

သတင်းစဉ်

## မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့က အပြစ်မဲ့အရပ်သားပြည်သူ တစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် ပြည်သူနှစ်ဦးတို့အား ဖမ်းဆီးခေါ်ဆောင်



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့မှ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့အရပ်သား ပြည်သူတစ်ဦး သေဆုံးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇွန် ၁၁

လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့၊ ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်း၊ လက်နက်ကြီးများဖြင့် အဝေးမှပစ်ခတ်ခြင်း၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်း၊ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသည့်အပြင် အေးချမ်းစွာနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများကိုပါ ပစ်မှတ်ထားဖမ်းဆီး၍ ခြိမ်းခြောက်ငွေတောင်းခံခြင်း၊ သတ်ဖြတ်ခြင်းများစသော လူသားချင်းမစာနာသည့် လူမဆန်သော အကြမ်းဖက်မှုများနှင့် ရာဇဝတ်မှုများအား ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၁ ရက် နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာနေ ဦးဇော်မျိုးသက်(ခ)ကိုသက် (၄၇)နှစ်သည် ရွှေမုဋ္ဌောဘုရားအနီးတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ၎င်းပိုင်ကွမ်းဆိုင်၌ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားအင်အား ၂၀ က 4WD အမျိုးအစား မော်တော်ယာဉ်တစ်စီး(စိစစ်ဆဲ)၊ ဆိုင်ကယ်ငါးစီးတို့ဖြင့် နွားထိုးကြီးမြို့နယ်ဘက်မှ ရောက်ရှိလာပြီး ဦးဇော်မျိုးသက်(ခ) ကိုသက်အား သေနတ်ဖြင့်ပစ်ခတ်ခဲ့သဖြင့် ၎င်းတွင်ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး အဆိုပါ အကြမ်းဖက်သမားများသည် ရွှေမုဋ္ဌောဘုရား မြောက်ဘက်မုခ် အနီးနေသူများဖြစ်သည့် ဦးကျော်သက် (၅၅)နှစ်၊ ဦးသက်နိုင်ဦး(ခ) သေက် (၄၇)နှစ်နှင့် မလှိုင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အကြီးတန်းစာရေး ဒေါ်ခင်မြင့်ထွေး (၄၀)နှစ်တို့သုံးဦးကို ဖမ်းဆီးခေါ်ဆောင်ကာ တောင်သာမြို့နယ် သံဘို-သန်းတန်းကျေးရွာဘက်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်သမားများ၏ ဖမ်းဆီးခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် အပြစ်မဲ့ပြည်သူနှစ်ဦးအား အမြန်ဆုံးပြန်လည်ကယ်တင်နိုင်ရေးနှင့် ဒေသခံပြည်သူများအား ပစ်မှတ်ထားဖမ်းဆီး၍ ခြိမ်းခြောက်ငွေတောင်းခံခြင်း၊ သတ်ဖြတ်ခြင်းများစသော လူသားချင်းမစာနာသည့် လူမဆန်သော ရာဇဝတ်မှုများအား ကျူးလွန်လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးအတွက် ကလေးသူငယ်များအား ပညာသင်ကြားပေးနေသည့်နေရာသို့ အကြမ်းဖက်သမားအဖွဲ့ (စိစစ်ဆဲ)က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးအပါအဝင် လုပ်အားပေး ဆရာမနှင့် ကျောင်းသား ကျောင်းသူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၁၁

လက်နက်ကိုင် အကြမ်းဖက်သမားများသည် အပြစ်မဲ့ အရပ်သားပြည်သူများနေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများဖော်ဆောင်ခြင်း၊ လက်နက်ကြီး၊ ရှော့တိုက်ဒုံး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ပိုင်ရပ်ကျေးရွာသို့ အကြမ်းဖက်အဖွဲ့(စိစစ်ဆဲ)က အများပြည်သူ ထိခိုက်စေရန်ရည်ရွယ်၍ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ ပိုင်ရပ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား လုံခြုံရေးအခြေအနေအရ ခေတ္တပြောင်းရွှေ့ စာသင်ကြားပေးနေသည့် အဆိုပါကျေးရွာရှိဦးကုလား(စိစစ်ဆဲ)၏ နေအိမ်ရှေ့ မြေကွက်လပ်သို့ လက်နက်ကြီး ဗုံးသီးတစ်လုံး ကျရောက် ပေါက်ကွဲခဲ့မှုကြောင့် ပိုင်ရပ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းမှ ရုံးအကူဝန်ထမ်းဖြစ်သူ ဒေါ်မိသဇင်(၃၆)နှစ်နှင့် ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မောင်ဝေယံအောင်(၈)နှစ်၊ မလရိပ်ချို(၁၀)နှစ်နှင့် မသူဇာအေး (၆)နှစ်တို့လေးဦးတွင် ဗုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ပိုင်ရပ်ကျေးရွာနေ လုပ်အားပေးဆရာမဖြစ်သူ မမိုးသူဇာ(၂၅)နှစ်နှင့် ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မစိုးစိုးစံ (၅)နှစ်၊ မအေးအေးမိုး (၈)နှစ်၊ မောင်အောင်ကျော်သူ(၄)နှစ်၊ မမျိုးစန္ဒာထွန်း(၆)နှစ်၊ မမျိုးသန္တာဦး(၇)နှစ်၊ မောင်လော်ချမ်း (၇)နှစ်၊ စောစံမြင့်အောင်(၇)နှစ်၊ မရွှေဇင်ထက်(၁၀)နှစ်၊ မယဉ်သူအေး (၉)နှစ်၊ မထွန်းရတနာ(၇)နှစ်၊ မောင်ကောင်းစည်သူစိုး (၇)နှစ်၊ မောင်လင်းလက်အောင် (၇)နှစ်၊ မချစ်မြတ်နိုး(၇)နှစ်၊ မငယ်ငယ် (၇)နှစ်၊ မမေလဝန်း(၇)နှစ်၊ မအိနန္ဒာဖြိုး(၇)နှစ်၊ မသွန်းသွန်းအိမ်စည်လင်း(၉)နှစ်၊ မသီသီဖြိုး (၉)နှစ်တို့ ၁၉ ဦး(ဆရာမ တစ်ဦး၊ ကျောင်းသား ငါးဦး၊ ကျောင်းသူ ၁၃ ဦး)တွင် မိုင်းပေါက်ကွဲစ ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့၍ တာဝန်ရှိသူများက ဒဏ်ရာရရှိသူများကို ကညင်ကတိုက်ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းနှင့် မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

### ဆန့်ကျင်ကန့်ကွက်လျက်ရှိ

ထိုသို့ အပြစ်မဲ့အရပ်သား ပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ အကြမ်းဖက်သမားများက တိုက်ပွဲများ ဖော်ဆောင်ခြင်းနှင့် လက်နက်ကြီး၊ ရှော့တိုက်ဒုံး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးအပါအဝင် လုပ်အားပေး ဆရာမနှင့်ကျောင်းသားကျောင်းသူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင် ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# နိုင်ငံတကာ အားကစား သတင်းများ

## 2025 Berlin Tennis Open တင်းနစ်ပြိုင်ပွဲ ဇွန် ၁၆ရက်တွင် စတင်မည်

**ဘာလင် ဇွန် ၁၁**

ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Berlin Tennis Open တင်းနစ်ပြိုင်ပွဲ လာမည့် ဇွန် ၁၆ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2025 Berlin Tennis Open တင်းနစ်ပြိုင်ပွဲကို ဇွန် ၁၆ရက်မှ ၂၃ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 Berlin Tennis Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Berlin Tennis Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အမေရိကန်တင်းနစ်မယ် Jessica Pegula ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



## ဒီပေး နယ်သာလန်လက်ရွေးစင်အသင်းကစားသမားဘဝ သွင်းဂိုး ၅၀ ပြည့်မြောက်

**လန်ဒန် ဇွန် ၁၁**

တိုက်စစ်မှူး ဒီပေးသည် နယ်သာလန်လက်ရွေးစင်အသင်း ကစား သမားဘဝပြိုင်ပွဲစုံ သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၆ကမ္ဘာ့ဖလားခြေစစ်ပွဲ(ဥရောပဇုန်)အဖြစ် နယ်သာလန်လက်ရွေးစင်အသင်းက မော်လ်တာအသင်းအား ရှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို သွင်းဂိုး ၅၀ပြည့်မြောက်ခဲ့ခြင်း ဖြစ်သည်။ **(အပေါ်ယာပုံ)**



တိုက်စစ်မှူး ဒီပေးသည် နယ်သာလန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၃ မှ ၂၀၂၅ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၁၀၂ပွဲကစားကာ ဂိုး၅၀ထိ သွင်းယူထားသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဒီပေးက "ကျွန်တော်အခုလို သွင်းဂိုး ၅၀ပြည့်မြောက်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(NGB)**

## ရာယန်အိန့်နူရီ မန်ချက်စတာစီးတီးအသင်းတွင် ကျောနံပါတ်(၂၁)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**မန်ချက်စတာ ဇွန် ၁၁**

နောက်ခံကစားသမားသစ် ရာယန်အိန့်နူရီ မန်ချက်စတာစီးတီးအသင်းတွင် ကျောနံပါတ်(၂၁)ဂျာစီ ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဝုဖ်အသင်းမှ မန်ချက်စတာစီးတီးအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၁သန်းဖြင့် ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။



နောက်ခံကစားသမား ရာယန်အိန့်နူရီသည် ဝုဖ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၁ပွဲကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းကခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ရာယန်အိန့်နူရီက "ကျွန်တော် မန်ချက်စတာစီးတီးအသင်းမှာ ကျောနံပါတ်(၂၁)ဂျာစီ ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ။ ပုံမှန်ပွဲ ထွက်ခွင့်ရရှိဖို့လည်း ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(ဝဲပုံ)(NGB)**

## ဘော်ဘီချာလ်တန်၊ လမ်းပတ်တို့၏ ပွဲအများဆုံး စံချိန်အား ဟယ်ရီကိန်း ကျော်ဖြတ်

**လန်ဒန် ဇွန် ၁၁**

အင်္ဂလန်လက်ရွေးစင်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်း(၁၀၇ပွဲ)သည် အသင်းကစားသမားဟောင်းများဖြစ်သည့် ဘော်ဘီချာလ်တန်၊ လမ်းပတ်တို့၏လက်ရွေးစင်အသင်းအတွက် ကစားသည့် ပွဲအများဆုံးစံချိန်အား ကျော်ဖြတ်နိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် နိုင်ငံတကာဘောလုံးခြေစမ်းပွဲစဉ်အဖြစ် အင်္ဂလန်လက်ရွေးစင်အသင်းက ဆီနီဂေါအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် အသက်(၃၁)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟယ်ရီကိန်းသည် နည်းပြသစ်တူချယ်လ်လက်ထက်တွင် လေးပွဲဆက်တိုက် ဂိုးသွင်းနိုင်သည့် ပထမဆုံး အင်္ဂလန်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။



တိုက်စစ်မှူး ဟယ်ရီကိန်းသည် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၅ မှ ၂၀၂၅ ခုနှစ်အထိ ပြိုင်ပွဲ ၁၀၇ပွဲကစားကာ ၇၃ဂိုးထိ သွင်းယူပြီးခြေစွမ်းပြထားသည်။**(အပေါ်ပုံ)(NGB)**




## ဂျိုဘ်ဘယ်လင်ဟမ်အား ဒေါ့မွန်အသင်း ခေါ်ယူ

**မြူးနစ် ဇွန် ၁၁**

ဒေါ့မွန်အသင်းသည် ဆန်းဒါးလန်းအသင်း ကွင်းလယ်ကစားသမား ဂျိုဘ်ဘယ်လင်ဟမ်အား ပြောင်းရွှေ့ကြေး ယူရို ၃၈သန်းဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ပြီဖြစ်သည်။

အသက်(၁၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဒေါ့မွန်အသင်းတွင် ကျောနံပါတ်(၇၇)ဂျာစီ ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျိုဘ်ဘယ်လင်ဟမ်သည် ဆန်းဒါးလန်းအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံပွဲ ၉၀ကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြထားသလို၊ အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ဒေါ့မွန်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ဒေါ့မွန်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား နှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီ ဖြစ်သည်။

**(ဝဲပုံ)(NGB)**

## ဘောလုံးသတင်း အတိုအထွာများ

* အာဆင်နယ်အသင်းသည် ဆိုစီဒက်အသင်းကစားသမား ဇူဘီမန်ဒီကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဆော်ဒီပရီးမီးယားလိဂ်ကလပ် အယ်လ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုက မိမိအနေဖြင့် အသင်းတွင်သာ ဆက်ကစားသွားနိုင်ကြောင်း ပြောကြားခဲ့သည်။ **(NGB)**

## ဂါနာချို၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၇၀အဖြစ် မန်ချက်တာယူနိုက်တက်အသင်း သတ်မှတ်

**လန်ဒန် ဇွန် ၁၁**

မန်ချက်စတာယူနိုက်တက်အသင်းသည် အသင်းတောင်ပံကစားသမား ဂါနာချို၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၇၀အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၂၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တောင်ပံကစားသမား ဂါနာချိုသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၅၈ပွဲကစားပြီး ၁၁ဂိုးထိ သွင်းယူထားသည်။ **(ယာပုံ)**



ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းသတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ဂါနာချိုအား မည်သည့်အသင်းက ခေါ်ယူမည်လည်းဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။**(NGB)**

## ဈေးကွက်တန်ဖိုး ယူရို သန်း ၂၀၀ဖြင့် တန်ဖိုးအမြင့်ဆုံး ကစားသမားအဖြစ် ယာမဲလ် ထိပ်ဆုံးတွင် ရပ်တည်


**ဘာစီလိုနာ ဇွန် ၁၁**

ဘာစီလိုနာအသင်းတောင်ပံကစားသမား ယာမဲလ်သည် ဈေးကွက်တန်ဖိုး ယူရို သန်း ၂၀၀ ဖြင့် တန်ဖိုးအမြင့်ဆုံးကစားသမားအဖြစ် ရပ်တည်ခဲ့ကြောင်း Transfermarkt က ထုတ်ပြန်ကြေညာခဲ့သည်။

Transfermarkt ၏ ထုတ်ပြန်ချက်အရ ယာမဲလ်က ဈေးကွက်တန်ဖိုးအမြင့်ဆုံးကစားသမားအဖြစ် ထိပ်ဆုံးတွင် ရပ်တည်ခဲ့ပြီး ၄င်းနောက်တွင် ဘယ်လင်ဟမ်၊ ဟာလန်း၊ ဘာပေ၊ ဗင်နီစီယပ်၊ ဆာကာ၊ ပီဒရီ၊ ဖလော်ရီယန်ဗက်ဇ်၊ မူစီယာလာ၊ ဗယ်ဗာဒီတို့ အသီးသီး ရပ်တည်ခဲ့သည်။

တောင်ပံကစားသမား ယာမဲလ်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၆ပွဲကစားပြီး ၂၅ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြထားသလို၊ အသင်းနှင့်အတူ ဆုဖလားများစွာကိုလည်း ရယူသိမ်းပိုက်ထားနိုင်ခဲ့သည်။ **(အောက်ပုံ)**

**(NGB)**



## ဘရာဇီးအသင်းက ပါရာဂွေးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၁၁**

၂၀၂၆ကမ္ဘာ့ဖလား ဘောလုံးခြေစစ်ပွဲ(တောင်အမေရိကဇုန်)ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘရာဇီးအသင်းနှင့် ပါရာဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘရာဇီးအသင်းက ပါရာဂွေးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘရာဇီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၄၄မိနစ်တွင် ဗင်နီစီယပ်စ်က သွင်းယူပေးခဲ့သည်။

ဘရာဇီးအသင်းသည် ယခုနိုင်ပွဲကြောင့် ၂၀၂၆ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်ခဲ့ပြီလည်းဖြစ်သည်။

ဘရာဇီးအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးခြေစစ်ပွဲ(တောင်အမေရိကဇုန်)ပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၄ရက်တွင် ချီလီအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

**(ယာပုံ)(NGB)**



# အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာအစီအစဉ်-၃/ ၂၀၂၄ အရ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လှူဒါန်းသော ဆန် ၁၅၇၅ တန်ကို စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ လွှဲပြောင်းပေးအပ်

**မန္တလေး ဇွန် ၁၁**

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်ရိက္ခာ(APTERR)အစီအစဉ်-၃(၂၀၂၄)အရ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လှူဒါန်းသောဆန်(၁၅၇၅)တန်အား စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ APTERR အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် ကိုရီးယားသမ္မတနိုင်ငံ သံရုံးတို့မှ ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသူရစိုး၊ ညွှန်ကြားရေးမှူး ဦးတိုးမင်းနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများနှင့် ငလျင်ဘေးသင့် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနား၌ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီးနောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသူရစိုးက APTERR အစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ထိုင်းနိုင်ငံ၊ APTERR အတွင်းရေးမှူးချုပ်ရုံးမှ General Manager Dr. Choomjet Karnjanakesorn၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးကိုယ်စားလှယ် Ms. Kim Weolsoon နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးအတိုင်ပင်ခံ Mr. Ouyang Daobing တို့က လှူဒါန်းမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ယင်းနောက် APTERR အစီအစဉ်-၃(၂၀၂၄)အရ လှူဒါန်းသည့် ဆန်များကို လူမှုရေးရာဝန်ကြီးထံသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်က လွှဲပြောင်းပေးအပ်ပြီး ထိုင်းနိုင်ငံ APTERR အတွင်းရေးမှူးချုပ်ရုံးမှ General Manager Dr. Choom jet Karnjanakesorn ၊ မြန်မာနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတို့မှ ကိုယ်စားလှယ်များက ငလျင်ဘေးသင့်ပြည်သူများထံ ဆန်အိတ်များ လွှဲပြောင်းပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက အလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်းနှင့် ငလျင်ဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၄)**


















# အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



**ကန့်ဘလူ ဇွန် ၁၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကန့်ဘလူမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများအဖွဲ့က ကန့်ဘလူမြို့၊ အမှတ်(၄)ရပ်ကွက်မှ ပြည်သူများအတွက် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲက ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ကန့်ဘလူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဖြိုးလွှဲမြတ်က မိမိတို့ဌာနမှ ပန်းခင်းစီမံချက်(၃)ဖြင့် ရပ်ကွက်အိမ်ထောင်စုဝင်များအတွက် အိမ်ထောင်စုလူဦးရေစာရင်း(၆၆)ပုံစံများနှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသူများ၊ အသက်(၁၀)နှစ် ပြည့်သူများနှင့် အသက်(၁၈)နှစ် ပြည့်ပြီးသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်များကို ဥပဒေနှင့်အညီ ထုတ်ပေးဆောင်ရွက်လျက်ရှိပြီး စီမံချက်ကာလအတွင်း နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ ဝန်ထမ်းများက အဆိုပါရပ်ကွက်နေပြည်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ကန့်ဘလူမြို့ပေါ်ရှိ ကျန်ရပ်ကွက်များတွင်လည်း ရပ်ကွက်အလိုက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ရပ်ကွက်များအရောက် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

*-*-*-*-*-*

# ကုလားကျောင်း အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ကျောင်းဆောင်သစ်ဆောက်လုပ်



**ကျောက်ဆည် ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ကုလားကျောင်းကျေးရွာအုပ်စု၊ ကုလားကျောင်း အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဆောင်သစ်အား ကြံ့နှစ်ကောင်ဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် ဆောက်လုပ်လျက်ရှိသည်။

ကုလားကျောင်း အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင်KG တန်းမှ Grade-5 တန်းထိ မူလတန်းကျောင်းသား ၁၃၇ဦး၊ ကျောင်းသူ ၁၃၀ဦး စုစုပေါင်း ၂၆၇ဦး ပညာသင်ကြား လျက်ရှိပြီး Grade-6 မှ Grade-8 ထိ အလယ်တန်း ကျောင်းသား ၄၀ဦး၊ ကျောင်းသူ ၄၃ဦး၊ စုစုပေါင်း ၈၃ဦးနှင့် ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်လတ်အပါဝင်ဆရာ၊ ဆရာမ ၁၀ဦးဖြင့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားပေးလျက်ရှိသည်။

ကုလားကျောင်း အခြေခံပညာမူလတန်း(လွန်)ကျောင်း အသစ်ဆောက်လုပ်လျက်ရှိသော (၁၂၀×၃၀)ပေ ကျောင်းဆောင်သစ်အား ကြံ့နှစ်ကောင်ဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် ဆောက်လုပ်လျက်ရှိရာ ၁၅ ဒသမ ၅ ရာခိုင်နှုန်း ဆောက်လုပ်ပြီးဖြစ်ရာ အဆိုပါကျောင်းသည် ကုလားကျောင်းကျေးရွာအုပ်စုတွင် တည်ရှိပြီး ၁၉၅၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**အောင်ပိုင်ပိုင်ကျော်**

# စတိုးဆိုင်နှင့် ကုန်စုံဆိုင်များအား ကုန်အညွှန်းအမှတ်အသား ပြည့်စုံမှန်ကန်စေရေး ကွင်းဆင်းစစ်ဆေး



**ပခုက္ကူ ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ စတိုးဆိုင်နှင့်ကုန်စုံဆိုင်များအား ကုန်အညွှန်းအမှတ်အသားပြည့်စုံမှန်ကန်စေရေးအတွက် ဇွန် ၉ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝေဠု အောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန(FDA) ဝန်ထမ်းများပူးပေါင်း၍ ပခုက္ကူမြို့၊ အမှတ်(၁)မြို့မဈေးကြီးအပါအဝင် မြို့ပေါ်ရပ်ကွက်များရှိ စတိုးဆိုင်များနှင့်ကုန်စုံဆိုင်များ၌ လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသော စားသောက်ကုန်ပစ္စည်းများအား ကုန်အညွှန်းအမှတ်အသား ပြည့်စုံမှန်ကန်စွာ ဖော်ပြထားမှု ရှိ၊ မရှိ၊ စားသုံးသူပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှု ရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး ဆိုင်ပိုင်ရှင်များနှင့်ဝန်ထမ်းများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။ **(၃၄၀)**




# အသိပညာပေးဆွေးနွေးပွဲ (Talk Show) ကျင်းပ

**တောင်တွင်းကြီး ဇွန် ၁၁**

ဇွန် ၂၆ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မျိုးဆက်သစ်များတိုးတက်ဖို့ မူးယစ်ဆေးမှန်သမျှတိုက်ထုတ်စို့ အသိပညာပေးဆွေးနွေးပွဲ (Talk Show) ကို မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်ဇွန် ၁၀ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်နှင့် ရုပ်သံကျွမ်းကျင်(၃) ဒေါ်မိုင်စန်းသီတာဌေးတို့က မြန်မာနိုင်ငံသို့မူးယစ်ဆေးဝါး စတင်ရောက်ရှိလာပုံ၊ မူးယစ်ဆေးဝါးအကြောင်း၊ မူးယစ်ဆေးဝါးအမျိုးအစားများ၊ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒများအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပွားတတ်သည့်ရောဂါများအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပါပုဒ်မများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲ(Talk Show)အပြည့်အစုံကို ပြည်သူများမူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာဗဟုသုတ ရရှိစေရန်အတွက် တောင်တွင်းကြီး မြို့နယ်ပြည်သူ့စာကြည့်တိုက် Page တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**

# ငလျင်ဒဏ်ခံစားခဲ့ရပြီး အိုးအိမ်ဆုံးရှုံးခဲ့သော အများပြည်သူအတွက် Steel Structure နေအိမ်များ ဆောက်လုပ်လှူဒါန်းမည်

**မန္တလေး ဇွန် ၁၁**

သဘာဝဘေးငလျင်ဒဏ်ခံစားခဲ့ရပြီး အိုးအိမ်ဆုံးရှုံးခဲ့သည့် အများပြည်သူများအတွက် နေထိုင်နိုင်ရေးအဆင်ပြေမှုရှိစေရန် ဖြူဟွာစိုရ်လူမှုကူညီရေးအသင်း (မန္တလေး)အနေဖြင့်Steel Structure နေအိမ်Modular house များ ဆောက်လုပ်လှူဒါန်းသွားရန် စီစဉ်ထားသည်။

ဆောက်လုပ်လှူဒါန်းမည့် နေအိမ်အကျယ်အဝန်းမှာ(၁၆ ပေ × ၁၈ ပေ)နှင့် အမြင့်(၁၂ ပေ) ဖြစ်သည်။ အောက်ခြေသံကျင်တွယ်ခုံ၊ ကျောက်ပြားကာနံရံ၊ သွပ်မိုး၊ သွပ်ခေါင်အုပ်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ပစ္စည်းတန်ဖိုး၊ အလုပ်သမားခ (ပန္နက်ရိုက်၊ မြေတူး၊ သံကျင်တွယ် စိုက်ထူ၊ သံထည်တည်ဆောက်ခ၊ တင်/ချလုပ်အားခ) လှူမည့်နေရာအရောက် သယ်ပို့စရိတ်အပါအဝင် ငွေကျပ် ၆၁ သိန်းခန့် ကုန်ကျမည် ဖြစ်သည်။

အလှူရှင်များအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍ သော်လည်းကောင်းဖြူဟွာစိုရ်လူမှုကူညီရေးအသင်း၊ ၆၂လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြား၊ မန္တလေး ဖုန်း ၀၉-၂၅၉၃၆၀၀၁၁၊ ၀၉-၂၅၉၃၆၀၀၂၂ သို့လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် ငွေစာရင်းအမှတ် SF-001683၊ KBZ ဘဏ် ငွေစာရင်းအမှတ် 0413040 410 14812 0 1 နှင့် AYA ဘဏ် 400 28192239 တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)



မြန်မာ့အလင်း

# စိုက် ပျိုး ရေး ကဏ္ဍ

## ပဲကြီး၊ ပဲနီပြာ၊ ကျွန်းစားတော်ပဲ အနည်းငယ်ဈေးပြန်တက်လာသော်လည်း ပို့ကုန်ပဲများနှင့် မြေပဲဆန်အနည်းငယ် ဈေးကျဆင်းနေ



ပြည်တွင်းသုံးပဲမာလိုင်းမှ ပဲကြီး၊ ပဲနီပြာ၊ ကျွန်းစားတော်ပဲ အနည်းငယ်ဈေးပြန်တက်လာသော်လည်း ပို့ကုန်ပဲများနှင့် မြေပဲဆန်အနည်းငယ် ဈေးကျဆင်းနေကြောင်း ကုန်သည်များထံမှ သိရသည်။

ပို့ကုန်ပဲများတွင် မတ်ပဲမှာ တက်ရိပ်ပြနေသော်လည်း ပဲစင်းငုံ ဈေးငြိမ်အဝယ်အေးနေကြောင်း ပြည်တွင်းသုံး ပဲမာလိုင်းများ ဈေးကျဆင်းမှုမရှိသလို ပဲမာလိုင်း အချို့ အမြင့်ဈေးဖြစ်လာသလို ဈေးကွက်ပေါက်ဈေးအတိုင်း အရောင်းအဝယ်သွက်နေကြောင်း၊ လက်ရှိ ပြည်တွင်း ပဲဆီဝယ်လို အားနည်းသောကြောင့် မြေပဲဆန် အမျိုးအစားအလိုက် အဝယ်ဈေး ကျဆင်းလာကြောင်း ရွှေစင်သိန်း ပွဲရုံပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

'ပြည်တွင်း ပဲဆီဝယ်လို အား အနည်းငယ်ကျဆင်းလာတာနဲ့အတူ မြေပဲဆန်ဈေးတွေလည်း အနည်းငယ်ကျဆင်းလာပါတယ်။ အရင် သီတင်းပတ်က ရှမ်းမြေပဲဆန်ဆိုရင် တစ်ပိဿာ ငွေကျပ် ၈၉၀၀-၉၀၀၀ ပေါက်ဈေးရှိနေတာကနေ လက်ရှိမှာ ငွေကျပ် ၈၄၀၀ သာ ပေါက်ဈေးရှိတော့တယ်။ အညာမြေပဲဆန်တွေဆိုရင် တစ်ပိဿာငွေကျပ် ၉၇၀၀ ကနေ ၉၃၀၀-၉၄၀၀ သာ ပေါက်ဈေးရှိတော့တယ်။ ဈေးကျဆင်းရတာကတော့ မြေပဲဆီ အရောင်းအေးနေလို့ပါ။ ပြည်တွင်းသုံး ကုလားပဲကလည်း ဒီကာလမှာ စားသုံးမှုကျဆင်းလို့ အရောင်းအေးနေပါတယ်။ ပဲမာလိုင်းမှာလည်း ပဲကြီး၊ ပဲနီပြာ၊ ကျွန်းစားတော်ပဲ အနည်းငယ်ဈေးပြန်တက်လာသလို အခြားပဲမာလိုင်းတွေကလည်း ဈေးကျဆင်းမှု မရှိတော့ပါဘူး။ လက်ရှိမှာ ပြည်တွင်းသုံးပဲတွေကတော့ ဈေးအတက်အကျ အနည်းငယ်ရှိသော်လည်း ပေါက်ဈေးအတိုင်း အရောင်းအဝယ်သွက်နေပါတယ်။ ပို့ကုန်ပဲတွေမှာ မတ်ပဲ၊ ပဲစင်းငုံကတော့ အရောင်းအဝယ်အေးနေတာပါ'ဟု ၎င်းက ပြောသည်။

ဇွန် ၉ရက်တွင် ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀-၂၆၁၀၀၀၊ မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀-၂၈၁၀၀၀၊ ပဲတီစိမ်း(အညာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀ ပေါက်ဈေးရှိနေပြီး မေလကုန်ပိုင်းထက် ဈေးကျဆင်းနေသည်။ ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ မေလကုန်ပိုင်းရက်များထက် ဈေးအနည်းငယ်အတက်ရှိသော်လည်း အရောင်းအဝယ် အေးနေရာ V2 ကုလားပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၆၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၈၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၈၀၀၀၊ ၉၂၉ ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၈၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးပဲမာလိုင်းများတွင် ပဲကြီး၊ ကျွန်းစားတော်ပဲနှင့် ပဲနီပြာတို့မှာ အမြင့်ဈေးတွင် ဆက်လက်ရှိနေရာ ဇွန် ၉ ရက်တွင် ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀-၃၂၅၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၇၀၀၀၀-၄၈၀၀၀၀၊ ပဲနီပြာ (ကျွန်း)တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀၊ စားတော်ပဲ(ကနေဒါ) တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ပြည်တွင်း ပဲဆီရောင်းအား အနည်းငယ်ကျဆင်းမှုကြောင့် နှမ်းဈေးမျိုးစုံနှင့် မြေပဲဆန်များအနည်းငယ်ကျဆင်းနေရာ နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၈၀၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၀၂၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀၊ မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၇၀၀-၁၀၀၀၀၊ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀-၁၈၅၀၀၊ ပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၄၉၀၀-၄၉၅၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ရွှေမန်း



## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၌ မိုးစပါး ၁၃၀၆၁ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထား

**မိတ္ထီလာ ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၌ မိုးစပါး ၁၃၀၆၁ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက မိုးစပါးကို ဆည်ရေ၊ ကန်ရေဖြင့်လည်းကောင်း၊ ဆည်ရေ၊ ကန်ရေ မရသည့် ဒေသများတွင် မိုးရေဖြင့်လည်းကောင်း စိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၌ မိုးစပါးစိုက်ဧက ၁၃၀၆၁ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး ၎င်းသတ်မှတ်လျာထားသည့် စိုက်ဧကများ သတ်မှတ်လျာထားချက်ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိုးစပါးစိုက်မည့် တောင်သူများ တစ်ဧကအထွက်နှုန်း တိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့် ထုတ်လုပ်သုံးစွဲရေး၊ သွင်းအားစုများ စနစ်တကျ ထည့်သွင်းကာ လေလွင့်ဆုံးရှုံးမှုများ လျော့နည်းစေရေး၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဟောပြောခြင်း၊ စိုက်ကွင်းသရုပ်ပြသခြင်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ)(၄၆၉)

## ရာဂီမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သော စပါးနှင့် အခြားသီးနှံဧကများအတွက် ထောက်ပံ့ပေးအပ်

**ရှောင် ဇွန် ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှောင်မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် ရာဂီမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သော စပါးနှင့်အခြားသီးနှံဧကများအတွက် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၉ရက် နံနက် ၁၁နာရီက ဗထူးခန်းမ၌ ကျင်းပခဲ့သည်။



ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆိုင်က အဖွင့်အမှာစကားပြောကြားရာ ရှောင်မြို့နယ်သည် စိုက်ပျိုးရေးကိုအခြေခံပြီး စီးပွားရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိကြရာ ဆန်၊ ဆီ ဖူလုံမှုက ဒေသတစ်ခုအတွက် အလွန်အရေးကြီးသောကြောင့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေတဲ့ စိုက်ပျိုးနည်းပုံစံ၊ စနစ်တွေကို လိုက်ပါဆောင်ရွက်ရေး စသည်များကို ပြောကြားသည်။ ဆက်လက်၍ ဆည်ရွာကျေးရွာအုပ်စုရှိ ထိခိုက်ပျက်စီးခဲ့သော စပါးနှင့်အခြားသီးနှံ ၂၁၆ ဧကအတွက် ထောက်ပံ့ငွေကျပ် ၂၁၆၀၀၀၀၀ ကိုလည်းကောင်း၊ မြို့ကြီးကျေးရွာအုပ်စုရှိ ပျက်စီးဧရိယာ ၁၃၉ ဧကအတွက် ထောက်ပံ့ငွေကျပ် ၁၃၉၀၀၀၀၀ ကိုလည်းကောင်း၊ ကျောက်ငှက်ကျေးရွာအုပ်စုရှိ ပျက်စီးဧရိယာ ၁၄ ဧကအတွက် ငွေကျပ် ၁၄၀၀၀၀၀ ကိုလည်းကောင်း၊ မြင်းကျဒိုးကျေးရွာအုပ်စုရှိ ပျက်စီးဧရိယာ ၁၃ ဧကအတွက် ငွေကျပ် ၁၃၀၀၀၀၀ ကိုလည်းကောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ တောင်သူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၃၃၈)



## ဖူးစားပြောင်းကို သီးညှပ်အဖြစ် စိုက်ပျိုး

**ရေနံချောင်း ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင် ယခုနှစ်မိုးရာသီ၌ ယာမြေများတွင် ဖူးစားပြောင်းများကို လျာထားဆောင်ရွက်စိုက်ပျိုးလျက်ရှိသည်။ ရေနံချောင်းမြို့နယ်၌ ဖူးစားပြောင်းကို မိသားစုဝင်ငွေရရှိစေရန် တောင်သူများက သီးညှပ်အဖြစ်လည်းကောင်း၊ သီးခြားစိုက်ပျိုးခြင်းကို အဓိကထားလုပ်ကိုင်လျက်ရှိသည်။ ယခုနှစ်မိုးရာသီ၌ ဖူးစားပြောင်းဧက ၆၃၅၅ လျာထားစိုက်ပျိုးလျက်ရှိကြောင်း တောင်သူများအား ဖူးစားပြောင်းစိုက်ပျိုးရာတွင် နည်းပညာများပံ့ပိုးပေးနေပြီး ယနေ့အထိ ဖူးစားပြောင်းဧက ၁၃၈၃ စိုက်ပျိုးပြီးဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်ဆောင်းရာသီတွင် ဖူးစားပြောင်းကို စိုက်ပျိုးကြရာ တောင်သူများသည် ပြောင်းဖူးတစ်ရာလျှင် ငွေကျပ် ၂၅၀၀၀ ကနေ ငွေကျပ် ၃၀၀၀၀၊ ၄၅၀၀၀၊ ၆၀၀၀၀အထိ ရောင်းရပြီး ဝင်ငွေရခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၄၇၂)

# စာအုပ်စင်ကဏ္ဍ

## ဖော်ညွှန်းသီ

စာအုပ်အမည် - နေမင်းမှသည် လဝန်းဆီသို့
စာရေးသူ - ဣန္ဒာသီဟ (ရွှေစစ်ကိုင်း)
ထုတ်ဝေသည့်စာပေတိုက် - သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ကာလာဝုံ(ပုံနှိပ်)
တန်ဖိုး - ၂၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ကျော်မင်းမောင်
ထုတ်ဝေသည့်ကာလ - ၂၀၁၀ ခုနှစ်၊ မတ်လ

စာရေးသူ ဣန္ဒာသီဟ (ရွှေစစ်ကိုင်း)၏ "နေမင်းမှသည် လဝန်းဆီသို့" စာအုပ်မှာ စာရေးသူ၏ဝန်ခံချက်၊ ရည်ရွယ်ချက်တို့နှင့်အတူ စာမျက်နှာ ၃၀၀ ကျော်ရှိသည့် ဘာသာရေးသုတစာအုပ်ဖြစ်ပြီး ပဥ္စင်္ဂစာအုပ်တိုက်(ရန်ကုန်)နှင့် ထွန်းဦးစာပေ (မန္တလေး)တို့မှ တစ်ပြည်လုံး ဖြန့်ချိသည်။

၎င်းစာအုပ်၏ရည်ရွယ်ချက်မှာ စာရေးသူက ဘိက္ခုနီထေရီကြီးတို့၏အကြောင်းကို မြတ်ဗုဒ္ဓ လက်ထက်တော်မှ မိထွေးတော် မဟာပဇာပတိဂေါတမီ၊ အရှင်ခေမာထေရီ စသော ဧတဒဂ်ရ ရဟန္တာထေရီမကြီးတို့သည် အရှင်သာရိပုတ္တရာ ဧတဒဂ်ရ ရဟန္တာထေရာကြီးတို့အား ပါရမီဖြည့်ဆည်းသည့်အကြောင်းအရာတို့ သိရှိစေမည့်စာအုပ် ဖြစ်သည်။

"ယခုခေတ်ကာလ အမျိုးသမီးများအနေဖြင့် သာသနာ အာဇာနည်မိထွေးတော် ဂေါတမီတို့ကဲ့သို့ အတ္တဟိတ၊ ပရဟိတနှစ်ဖြာကောင်းကျိုးသယ်ပိုးဆောင်ရွက်လိုသော စိတ်ဆန္ဒများရှိကြစေရန်နှင့် နည်းစနစ်မှန်ကန်စွာ ကျင့်သုံး၍ ကောင်းကျိုးသုခခံစားစံစားကြစေရန်၊ မိမိတို့၏အမျိုးသမီးဘဝကို စိတ်ပျက်အားငယ်မှု မရှိဘဲ ဂုဏ်ယူဝမ်းမြောက်မှု အပြည့်ထားကာ ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ကြစေရန်နှင့် လက်ရှိ သာသနာ့အနွယ်ဝင် သီလရှင် ဆရာကြီး၊ ဆရာလေးများ၊ ခေတ်အဆက်ဆက်ရှိ အမျိုးသမီးများအနေဖြင့်လည်း မိမိတို့၏သာသနာတော်မြတ်အကြောင်းအရာတို့ကို သိက္ခာရှိရှိ ရဲရဲရင့်ရင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်၊ ဟောကြားနိုင်၊ ပြောပြနိုင်ကြစေရန်အတွက် အထူးရည်ရွယ်ချက်ထားမိပါကြောင်း. . ."

(စာရေးသူ၏ရည်ရွယ်ချက်မှ-)




ဘာသာရေးစာပေလေ့လာသူများ နှစ်သက်မည့်စာအုပ်ဖြစ်ရာ ထွန်းဦးစာပေ(မန္တလေး)တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

---

စာအုပ်အမည် - မန္တလေး အလွမ်းစာစုများ(၂)
စာရေးသူ - မြတ်လင်းသူ
ထုတ်ဝေသည့်စာပေတိုက် - ပြုံးစာပေ
တန်ဖိုး - ၃၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ကိုပြည့်စုံ
ထုတ်ဝေသည့်ကာလ - ၂၀၂၀ ပြည့်နှစ်၊ မတ်လ

ဆရာ သိုက်ထွန်းသက်၏ လွမ်းသူမှာ မျက်ရည်စတွေနဲ့ အမှာ၊ စာရေးသူ၏ရင်တွင်းစကား၊ ထုတ်ဝေသူ၏အမှာစာတို့နှင့်အတူ စာစု ၃၂ပုဒ်ကို စုစည်းထုတ်ဝေထားသည်။ စာရေးသူ၏ မန္တလေး အလွမ်းစာစု(၁)၊ ဝိုင်အရက်ချိုချို တံတားအိုစာအုပ်များကိုလည်း ပြုံးစာပေမှ ထုတ်ဝေဖြန့်ချိခဲ့ပြီး ဖြစ်သည်။




ယခုစာစုများမှာ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ မဟေသီမဂ္ဂဇင်း၊ အလင်းတန်းဂျာနယ်၊ ရွှေမန္တလေးဂျာနယ်၊ မန္တလေးနေ့စဉ်သတင်းစာတို့တွင် ပုံနှိပ်ဖော်ပြပြီးသော ဆောင်းပါးများဖြစ်သည်။

"ဆရာမြတ်လင်း အသက်(၁၄)နှစ်ကျော် ၁၉၆၄-၆၅ ခုနှစ်ဝန်းကျင် မန္တလေးသင်္ကြန်အကြောင်းက အစပြုပြီး လွမ်းအောင်ရေးဖွဲ့နိုင်သူဖြစ်သည်။ မန္တလေးအနောက်ပြင် ထင်းဝင်း၊ ပွဲကုန်း၊ ဆိုင်းတန်း၊ အလယ်ဆောင်၊ သဘော်တန်းနှင့်ဈေးချိုပွဲစာတန်းရှိ မဏ္ဍပ်များမှာ ရေကစားကြသော သင်္ကြန်တေးသီဆို၊ သင်္ကြန်အက တင်ဆက်ကြသောမန္တလေးသူ၊ မန္တလေးသားများ၏ပုံရိပ်ကို ကောင်းကောင်းကြီး ရေးပြနိုင်သည်။ "ညင်းသွဲ့သွဲ့လေပြည် ပိုက်ကျုံးပွဲကုန်း အတာရေ" ပြီးတော့ သူ့အသက်(၂၇)နှစ်ခန့် ၁၉၇၇ ခုနှစ် မန္တလေးသင်္ကြန်မှာ ဂျစ်ကားနှင့်လည်ကြသည်ကို ရေးဖွဲ့ပြန်သည်။ ယခု ဆီဒိုးနားဟိုတယ်နေရာရှိ ဒေသပါတီရုံးရှေ့က နေကြာမဏ္ဍပ်၊ ဘူတာကြီးရှေ့က မီးရထားမဏ္ဍပ်၊ ဗထူးကွင်းထောင့်က ဆောက်လုပ်ရေးမဏ္ဍပ်၊ ဝင်းဦး၊ သီတာဝင်း၊ သုမောင်၊ ဇော်ဝမ်း ပါဝင်ဆင်နွှဲသည့် သင်္ကြန်အကြောင်း၊ ခါသင်္ကြန် လေနုသွေးရင် သင်္ကြန်အလွမ်းချည်းတစ်ပုဒ်မက၊ နှစ်ပုဒ်မက၊ မန္တလေးသင်္ကြန် အလွမ်းစာများနည်းတူ စိတ်ဝင်စားစရာကောင်းသည်က ၁၉၆၉-၇၃ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ကျောင်းသားဘဝ အမှတ်တရစာများ ဖြစ်သည်။"

(သိုက်ထွန်းသက်၏အမှာစာမှ-)

အတိတ်က မန္တလေးမြို့၏ပုံရိပ်၊ မန္တလေးမြို့၏ ရင်ခုန်သံ၊ မန္တလေးမြို့ အနုပညာရှင်များ၏ ရုပ်ပုံရိပ်လွှာတို့ကို တစ်ဝကြီး ဖတ်ရှုရမည့် အလွမ်းစာစုများဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကျောင်းတော်ကြီးမှာ ပျော်ပါတယ်

* ခေါင်းလောင်းသံချို ကျောင်းကြီး့ထိုဝယ်
နပျိုမောင်မယ် လွယ်အိတ်လွယ်လို့
မိုတွယ်လော်ကာ ပညာရှာမည်
ဝေဖြာသုတ လူလုံး. . .လှဖို့ ။

* စ့ဦးနယုန် မိုးနံ့ထုံဝယ်
သင်းအုံစုရပ် ကျောင်းကိုအပ်မည်
သပ်ရပ်ကျန ဘဝ့လှဖို့
ကျောင်း့ကကြိုနေ မောင်မယ်တွေ ။

* ယနေ့လူငယ် နောင်ဝယ်လူကြီး
တစ်မူထူးခြား ခေတ်သစ်ပါးဝယ်
အင်အားကူမှာ ပညာရှာတွက်
မကွာတည်ဆောက် ကျောင်းကိုရောက်ဖို့
ထံမှောက်မိဘ သားလူလှကို
ကျနပို့မည် ကျောင်းတော်ဆီ. . .သို့ ။ ။

ရေချမ်း(မန်း)

## ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှစီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ။




## နတ်မောက်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**နတ်မောက် ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားရေးရာ အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်း)တွင် ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်သိမ့်သိမ့်မိုး(ဦးစီးအရာရှိ တွဲဖက်)က အနာဂတ်၏သားကောင်းရတနာများဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းနေအရွယ်တွင် ကျောင်းစာများကို စိတ်ပါဝင်စားစွာ လေ့လာသင်ယူစေချင်ကြောင်း၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များဖြစ်အောင် ကြိုးစားစေချင်ကြောင်း၊ ယနေ့လူငယ်များသည် တိုးတက်လာသော ခေတ်ရေစီးကြောင်းနှင့်အညီ အင်တာနက်သုံးစွဲမှု များပြားလာသည့်အလျောက် အကောင်း၊ အဆိုး ခွဲခြားတတ်စေရန်၊ အယုံမလွယ်မိစေရန်၊ အင်တာနက်မှ တစ်ဆင့် ဗဟုသုတများ ရရှိနိုင်သည့် နည်းလမ်းများ၊ စာအုပ်၊ စာပေများသည်လည်း မည်မျှပင် ဟောင်းနွမ်းစေကာမူ ပညာဗဟုသုတများစွာရရှိနိုင်သည့်အတွက် လေ့လာဖတ်ရှုကြရန်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးကို ဟောပြောခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(လှဝင်း)

-၀-၀-၀-၀-၀-



## သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၏ (၉၀၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အဖြစ် ဆွမ်းတော်ကြီး ၁၄၆၀ လုံး လောင်းလှူပွဲ ကျင်းပ

**ပခုက္ကူ ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ ရေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၏ (၉၀၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ ပွဲတော်အဖြစ် ဆွမ်းတော်ကြီး ၁၄၆၀လုံး လောင်းလှူပွဲကို ဇွန် ၁၀ရက် နံနက် ၅နာရီက ကျင်းပ သည်။

"အလောင်းစည်သူမင်းကြီး တည်ထားခဲ့သော သီဟိုဠ်ရှင် မြတ်စွာဘုရားကြီးဟာ အခုချိန်မှာ နှစ်ပေါင်း(၉၀၈)ခန့် ကြာမြင့် ခဲ့ပြီဖြစ်ကြောင်း၊ ကျွန်တော်တို့ရဲ့ ရှေးအဘိုးအဘွားများလက်ထက် ကပင် နောင်လာနောက်သား မျိုးဆက်သစ်လူငယ်များကို ဘာသာ တရားကိုင်းရှိုင်းကြစေရန် ရည်ရွယ် ချက်၍ လွှန်ခဲ့သော နှစ်ပေါင်း (၂၀၀)ခန့်ကစတင်ပြီး ရေသွန်းပွဲ တော်၊ နယုန်လဗုဒ္ဓပူဇနီယ ဈေး ရောင်းပွဲတော်၊ ဆွမ်းတော်ကြီး တင်လောင်းလှူပွဲတော်တို့ကို နှစ်စဉ် ကျင်းပလေ့ရှိကြောင်း၊ ယနေ့တွင် အလှူရှင်များအလိုက် ဘုရားကြီး ပရိဝုဏ်အတွင်း ရေစက်ချပြီး ဆွမ်းတော်ကြီးတင်သပိတ်လုံး ၁၄၆၀ လုံး လာရောက်လောင်းလှူ ကြကြောင်း၊ အလှူရှင်များ လာ ရောက်လှူဒါန်းသော ဆွမ်းတော် ကြီးများကို မဟာဝိဇယာရာမ (အရှေ့)တိုက်၊ မဟာဝိသုတာရာမ (အလယ်)တိုက်၊ သာသနဝိပုလာ ရာမ(မန္တလေး)တိုက်၊ ဆုကြီးပန် ကျောင်းတိုက် စသည့် ပါဠိစာသင် တိုက် ငါးတိုက်ထံ ဆွမ်းသပိတ် လုံး ၁၀၀ လုံးစီနှင့် အခြားသော ဘုန်းတော်ကြီးကျောင်း ၃၀ ကျောင်းထံ ဆွမ်းသပိတ်လုံး ၂၀ လုံးစီဖြင့် လိုက်လံပို့ဆောင် ဆက် ကပ်လှူဒါန်းလျက်ရှိကြောင်း" ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာ ဘုရားကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှဖုန်းထံ မှ သိရသည်။

ထို့အပြင် ပခုက္ကူမြို့၊ သီဟိုဠ် ရှင်မြတ်စွာဘုရားကြီးအား ရွှေ သင်္ကန်းကပ်လှူပူဇော်သူများ၊ ဘုရားဖူးကုသိုလ်ယူသူများ၊ ဘုရား ကြီးအနီးရှိ လျှော်ဘေးသင့်ဒေသ များ ပြန်လည်ထူထောင်ရေး ရန်ပုံ ငွေပွဲအဖြစ် ဆယ့်နှစ်ပွဲဈေးသည် များ၏ စုပေါင်းအရောင်းပွဲတော် အတွင်းရောင်းချသည့် အဝတ် အစား၊ အသုံးအဆောင်နှင့် စား သောက်ဖွယ်ရာများအား ဝယ်ယူ အားပေးသူများ၊ ကလေးကစား ကွင်းနေရာများ၌ အပန်းဖြေဆော့ ကစားသူများဖြင့် စည်ကားလျက် ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

(၃၄၀)

## ၂၀၂၅ ခုနှစ်အစိုးရ ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုလျက်ရှိ

**မန္တလေး ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာ အောင်မြေမြို့နယ်၊ အမှတ်(၂၄) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမ ပြန်စာမေးပွဲဖြေဆိုရာတွင် ဘာသာ ပြန်ဘာသာရပ်ကို ယမန်နေ့ မွန်းတည့် ၁၂နာရီက စတင်ဖြေဆို ခဲ့သည်။

၂၀၂၅ ခုနှစ် အစိုးရ ပါဠိ ပထမပြန်စာမေးပွဲ ဘာသာပြန် ဘာသာရပ်ကို ဖြေဆိုရန် စာရင်း ပေးသွင်းထားသော ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၄၉၆ ပါးရှိရာ ရဟန်း၊ သာမဏေ၊ သီလရှင် ၃၈၉ ပါး ဝင်ရောက် ဖြေဆိုကြပြီး ဖြေဆိုရန်ပျက် ကွက်သူ ၁၀၇ပါး ၇၈ ဒသမ ၄ ရာခိုင်နှုန်း ဖြေဆိုလျက်ရှိကြောင်း မြို့နယ်သာသနာရေးဦးစီးဌာနမှ



သိရသည်။

အဆိုပါ ပါဠိပထမပြန် စာမေးပွဲများ ကျင်းပဆောင်ရွက် ရာတွင် သံဃာတော်များ စိတ် အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး အတွက် ကြီးကြပ်ရေးဆရာတော် ကြီးများ၊ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှ ကျန်းမာရေးဝန်ထမ်းများ နှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ က စာဖြေသံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များနှင့် လိုအပ်သည်များကို နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (ဝဲပုံ) (၀၅၆)

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၂၉)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇွန် ၁၁**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း၏ (၂၉) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ ပွဲကို နယုန်လပြည့်နေ့ နံနက် ၅နာရီခွဲက ၃၅လမ်းနှင့်၆၉လမ်း ထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက် တော်မူလာကြသော သံဃာတော် နှင့် သာမဏေအပါး ၃၅၀ ကျော် တို့အား ဆွမ်း၊ ကြက်သားဟင်း၊ ကုလားပဲနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော် နှင့် သာမဏေတစ်ပါးလျှင် နဝ ကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်းဒွိစုံ ကိုး စုံနှင့် နဝကမ္မဝတ္ထုငွေကျပ် ၉၀၀၀၀ ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်း လောင်းအသင်းတည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော် (ပီတိ သုခ မိသားစု)၊ ကိုမျိုးဝင်း+ မအိအိချော(ကောင်းထက်မဟာ မိသားစုများ၊ ကာဗာတိုင်းပြည် မိသားစုများ)၊ ဦးရန်းရွှေ+ဒေါ်မိုး သန္တာအောင်(ရွှေသစ်ပင် ဟိုတယ် မိသားစု)၊ ဦးအောင်သန်းလှိုင်+ ဒေါ်နန်းနီနီဝင်း မိသားစု၊ ဒေါ်ခင် ညိုရည်အားရည်စူး၍ ဦးသိန်းတန် သား၊ သမီး၊ မြေးတစ်စု၊ ဦးမြင့် လွင်+ဒေါ်ခင်ချိုဝင်း မိသားစု၊ ဦးစံ သာ+ဒေါ်အုန်းစိန်တို့ကို အမှူးထား ၍ သား၊ သမီး၊ မြေးတစ်စု Golden Cafe မိသားစုနှင့် ရပ်ကွက်နေပြည်သူများ ဘုံဆွမ်း လောင်းအသင်းဝင်များက လောင်း လှူခဲ့ကြသည်။ **(အပေါ်ပုံ)**



အဆိုပါ ဘုံဆွမ်းလောင်း အသင်းသည် လစဉ် မြန်မာလ ဆန်း ၁ ရက်နေ့တိုင်း သိပ္ပံလမ်း နှင့်၆၈လမ်းထောင့်တွင်လည်း ကောင်း၊ လစဉ် လပြည့်နေ့များ တွင် ၃၅လမ်းနှင့် ၆၉လမ်းထောင့် တွင်လည်းကောင်း ဘုံဆွမ်းလောင်း လှူလျက်ရှိပြီး စေတနာရှင် ကုသိုလ်ရှင်များအနေဖြင့် ပါဝင် ကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၄၀)



## လျှင်ကြောင့် ပျက်စီးသွားသော သာသနိက အဆောက်အအုံများပြုပြင်ရေးအတွက် ငွေလှူဒါန်း

**မန္တလေး ဇွန် ၁၁**

နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)တွင် မတ် ၂၈ရက် အင်အားပြင်းငလျင်ဒဏ် ကြောင့် သာသနိက အဆောက် အအုံများ ပျက်စီးမှုများဖြစ်ပေါ် ခဲ့ရာ ပြန်လည်ပြုပြင်ရေး ပါမောက္ခ ချုပ်ဆရာတော်ကြီးအမှူးပြုသော သင်ကြားစီမံဆရာတော်များ၊ မော် ကွန်းထိန်းနှင့် နည်းပြဆရာတော် များ၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနတို့က စီမံ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး) သာသနိက အဆောက်အအုံများပြုပြင်ရာတွင် မြောက်ဘက်ဆွမ်းစားကျောင်း အား ပထမဆုံးပြင်ဆင်သွားမည် ဖြစ်ပြီး ခန့်မှန်းတွက်ချက်မှုအရ ငွေကျပ်သိန်း ၇၀၀ ခန့် ကုန်ကျ မည်ဖြစ်သည်။ အကြီးစားပြင်ဆင် ရမည့် အဆောက်အအုံများတွင် မဟာဘွဲ့နှင်းခန်းမ ခန့်မှန်းကုန်ကျ ငွေကျပ်သိန်း ၁၅၀၀ ခန့်၊ သိမ် တော်ကြီး ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၁၂၅၀ ခန့်၊ တောင် ဘက်ဆွမ်းစားဆောင် ခန့်မှန်း ကုန်ကျငွေကျပ်သိန်း ၉၀၀ ခန့် ဖြစ်သည်။ **(အပေါ်ပုံ)**

နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)ငလျင်ဒဏ် ကြောင့် ပျက်စီးသွားသော သာသ နိကအဆောက်အအုံများပြုပြင်ရန် ဇွန် ၁၀ ရက်က မန္တလေးမြို့နေ ဦးကျော်+ဒေါ်ပုလဲ(ကျော်ပုလဲ) မိသားစုက သိမ်တော်ကြီးပြုပြင် ရန် ငွေကျပ်သိန်း ၁၂၀၀ကိုလည်း ကောင်း၊ သာသနတက္ကသိုလ် ကာယ(မန္တလေး)က ငလျင်ဒဏ် သင့် အဆောက်အအုံများပြုပြင် ရန် ငွေကျပ်သိန်း ၁၀၀ တို့ကို လာရောက်လှူဒါန်းရာ တာဝန်ရှိ သူများက လက်ခံရယူခဲ့ကြ ကြောင်း သိရသည်။ (၅၀၄)

## (၉၃)ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင် ၆၅ ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေ လောင်းလှူ

**သရက် ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လစဉ်လပြည့်နေ့တိုင်း လှူဒါန်းလျက်ရှိသည့် (၉၃)ကြိမ် မြောက် သာသနာ့အနွယ်ဝင် သီလရှင် ၆၅ ပါးအား ဆွမ်းဆန် တော်နှင့် အလှူငွေ လောင်းလှူပွဲ ကို ဇွန် ၁၀ရက် နံနက် ၈ နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူ တော် ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ လောင်းလှူပွဲကို ဆင်ဖြူတော်ကျောင်းတိုက်ဆရာ တော်က ဦးဆောင်၍ ရပ်ကွက် အသီးသီးမှ အလှူရှင် စေတနာရှင် များ စုပေါင်းကာ လစဉ် လပြည့် နေ့တိုင်း သာသနာ့အနွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်း လောင်းလှူလျက်ရှိရာ (၉၃)ကြိမ် မြောက် လောင်းလှူပွဲတွင် မြို့ပေါ် ကျောင်းတိုက်အသီးသီးမှ သီလ ရှင် ၆၅ ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဝတ္ထုငွေ၊ အသုံးဆောင်ပစ္စည်းများ လောင်း လှူခြင်းကို စေတနာရှင်အလှူရှင် များ စုပေါင်း၍လောင်းလှူပြီး ဆင်ဖြူတော်ဘုန်းတော်ကြီး ကျောင်း ဆရာတော်ထံမှ ရှစ် ပါးသီလ ခံယူဆောက်တည်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းချ အမျှအတန်းပေးဝေခဲ့ ကြောင်း သိရသည်။ (ဝဲပုံ)



**ဇော်ထက်(သရက်)**

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)

**Tik Tok** မှာ တွေ့တဲ့ မြန်မာတိုင်းရင်းဆေးနည်းလေးတွေကို ထပ်မံဖော်ပြလိုက်ပါတယ်။ ရောဂါဝေဒနာခံစားနေရတဲ့သူတွေ ဒီဆောင်းပါးကို ဖတ်ပြီး အနာနဲ့ဆေးတွေ့၍ ပျောက်ကင်းကြပါစေလို့ မေတ္တာရှေ့ထား ရေးသားမျှဝေလိုက်ပါတယ်။

**ဆီးသွားများလျှင်** ဥသျှစ်ရွက်ကို သုပ်စားပါ။

**ပါးစပ်၊ နှုတ်ခမ်းတို့၌ ရေယုန်ပေါက်လျှင်** လေးညှင်းပွင့်ကို သွေးလိမ်းပေးပါ။

**ဝမ်းပျက်၊ ဝမ်းလျှောပြီး အားအင်ကုန်ခန်းလျှင်** ဇကော့ခ် မြစ်ကို ဆန်ဆေးရည်နှင့် သွေးသောက်ပါ။ **(တစ်နည်း)** ဆန်ဆေးရည်နှင့် မန်ကျည်းခေါက် သွေးသောက်ပါ။

**မုတ္တရောင်(ဗေုးစေ့ရောင်)လျှင်** ဝက်ကြိတ်ရွက်နှင့် နနွင်းစိမ်းတက်ကို ရောထောင်း၍ အုံပေးပြီး ပတ်တီးစည်းထားပါ။ (ရေဆွတ်ဆွတ်ပေးရပါမည်။)

**အိပ်မပျော်လျှင်** ဒန့်ကျွဲပင်ခေါက် ပြုတ်သောက်ပါ။ မဲဇလီရွက်ဟင်းချိုချက်သောက်ပါ။ မဲဇလီဖူးကို လက်သုပ် သုပ်စားပါ။

**နှာခေါင်းသွေးလျှံလျှင်** ကျောက်ချဉ်ကို အမှုန့်ထောင်း၍ ရှူပေးပါ။ **(တစ်နည်း)** ငှက်ပျောပင်မှ ထွက်သောအစေးကို ရှူပေးပါ။

**ကင်းကိုက်ခံရလျှင်** ကျောက်ချဉ်ကို သွေးလိမ်းပါ။ **(တစ်နည်း)** ကစော့မြစ်ကို ဆန်ဆေးရည်နှင့် သွေးပြီး ကိုက်ခံရသည့်နေရာကို လိမ်းပေးပါ။

**သွေးပျစ်၊ သွေးခဲဖြစ်လျှင်** ရှောက်ရည်နှင့် သံပရာရည်ကို တစ်ဝသောက်ပါ။ **(တစ်နည်း)** ကင်ပွန်းချဉ်ရွက်ကြမ်းကို ကျနေအောင်ကျိုပြီး သောက်ပါ။

**ဆီးကျောက်တည်လျှင်** ကျောက်ကပ်ရွက်ပြုတ်သောက်ပါ။ **(တစ်နည်း)** သံမနိုင်ကျောက်မနိုင် သောက်ပါ။

**အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ အဝလွန်၊ အကြောတက်၊ အဆီကျချင်လျှင်** သက်ရင်းကြီးရွက်ရင့်၊ ငရွှေ(သီးတောင့်ရှည်)ရွက်ရင့်၊ ပွေးကိုင်းရွက်ရင့်(အဖူးမထည့်ရ)၊ ရှားဖြူရွက်ရင့်၊ မန်ကျည်းရွက်ရင့်၊ ကင်ပွန်းချဉ်ရွက်ရင့်တို့ကို အလေးချိန် ဆတူရော၍ ကျိုသောက်ပါ။

**ချောင်းဆိုးလျှင်** ခရေပွင့်ကို တစ်ညလုံး ရေစိမ်ထားပြီး ထိုအရည်ကို စစ်၍ နံနက်ပိုင်းတွင် သောက်ပေးပါ။

**ရင်ပြည့်ရင်ကယ်ဖြစ်လျှင်** ကြက်ဟင်းခါးသက်စောင့်ဆေးကို နှမ်းဆီ(သို့မဟုတ်)ပရုတ်ဆီ(အဖြူ)နှင့် ဖျော်၍ ရင်ဘတ်မှ အောက်သို့ ဆွဲချလိမ်းပေးပါ။

**နှာပိတ်လျှင်** ကြိတ်မှန်ရွက်နှင့် ခွေးသေးပန်းရွက်တို့ကို ကြိတ်ပြီး ရှိန်းခိုအနည်းငယ်ထည့်ကာ ငယ်ထိပ်မှ နှာခေါင်းအထိ ထိုးဆေးရည်နှင့် ဆွဲချပြီး လိမ်းပေးပါ။

**အတက်ရောဂါဖြစ်လျှင်** ဆင်ငိုမြက်ပြုတ်ရည်ကို တိုက်ပါ။ အတက်ချက်ချင်းကျသွားပါမည်။

**ရေငတ်ဝမ်းကျဖြစ်လျှင်** ဆီးသီးအစေ့အတွင်းမှ အဆန်ကို အမှုန့်ပြုလုပ်ပြီး နွယ်ချိုနှင့်ရောပြီး စားပေးပါ။

**ကြို့ထိုးလျှင်** ကြက်သွန်နီကို ထန်းလျက်နှင့် နိုင်းချင်းကြိတ်ပြီး စားပေးပါ။

**ခရုသင်းစွဲလျှင်** ကျည်းသီးအဆန်ကို ဆန်ဆေးရည်နှင့် ရက်ပေါင်းများစွာ တွဲစားပေးပါ။

**ခြေတုန်၊ လက်တုန်ဖြစ်လျှင်** ကြိတ်မှန်ရွက်ကို ယိုထိုးစားပါ။

**ခါးနာ၊ ခါးကိုက်လျှင်** ညောင်ခြေထောက်အပင်၏ နို့စေးရည်ကို လိမ်းပေးပါ။

**ငှက်ဖျားထလျှင်** မြင်းခွာရွက်အရည်ကို ငရုတ်ကောင်းနှင့် ဆတူကြိတ်၍ သောက်ပေးပါ။

**ခံတွင်းပျက်လျှင်** ကြိတ်မှန်ရွက်ကို ယိုထိုးစားပါ။

**ခေါင်းတစ်ခြမ်းကိုက်လျှင်** ကျည်းသီးဆန်ကို ဆိတ်ကျင်ငယ်ရည်နှင့် သွေးလိမ်းပေးပါ။ **(တစ်နည်း)** ကြောင်လျှာခေါက်အရည်ကို နွားနို့၊ ပဲစင်းငုံသတ္တုရည်တို့နှင့် ရောပြီး ရှူပေးပါ။

**စကားထစ်လျှင်** နံနက်တိုင်း မြင်းခွာရွက် သုံးလေးရွက်ကို နေ့စဉ်စားပေးပါ။

**စအိုယားနာဖြစ်လျှင်** ကြိတ်မှန်ရွက်ကို အရည်ညှစ်ပြီး စအိုဝကို သုံးလေးကြိမ် သုတ်လိမ်းပေးပါ။

**ဆီးချုပ်လျှင်** ငှပင်၏ အနှစ်ကိုသွေး၍ ချက်အောက်သို့ မကြာခဏ လိမ်းပေးပါ။ ကြက်သွန်နီများများ စားပေးပါ။

**ဆီးတစ်စက်စက်ကျလျှင်** ကြက်သွန်နီကို ပြုတ်၍ အရည်သောက်ပေးပါ။

**ဆီးအောင့်၊ ကျောက်တည်လျှင်** ကြာဟင်းရွက်ကို နွားနို့နှင့် သကြားရော၍ နေ့စဉ်စားပေးပါ။

**ဆီးချိုဖြစ်လျှင်** ခံတက်ခေါက်ကို လေးခွက်တစ်ခွက်တင် ကျိုသောက်ပေးပါ။

**ဆီးအနှစ်ကျလျှင်** သဘော်ရွက် သုံးရွက်ကို ထန်းလျက်ခဲ သုံးခဲနှင့် ဆားအနည်းငယ်ထည့်ပြီး သုံးခွက်တစ်ခွက်တင် ကျိုသောက်ပေးပါ။

**ဆီးပူလျှင်** ဘူးသီးပြုတ်ကို စားပေးပါ။

**ဆံပင်ပြန်ပေါက်ချင်လျှင်** သံပရာစေ့ကို ရေနှင့်ကြိတ်ပြီး နေ့စဉ်ဆံပင်ကို လိမ်းပေးပါ။

**တင်းတိပ်ပျောက်ချင်လျှင်** နနွင်းနှင့် ငဖြူကြီးအစေးကို သွေးလိမ်းပေးပါ။

**ဓာတ်ချုပ်လျှင်** ထန်းလျက်နှင့် မန်ကျည်းသီးကို ဆားမြတ်မြတ်ထည့်၍ တည်ပြီးစားလျှင် ဝမ်းသက်ဝမ်းမှန်၏။ ရေနွေးထဲကို သံပရာသီးညှစ်၍ သောက်ပေးလည်း ရပါသည်။

**နားကိုက်လျှင်** ကြက်သွန်နီကို မီးဖုတ်ပြီး အရည်နွေးနွေးကို နားထဲ ထည့်ပေးပါ။

**နားအူ၊ နားလေထွက်လျှင်** သဘော်ရွက်ကို မီးအုံ၍ အတို့အမြုပ် လုပ်စားပေးပါ။

**နားပြည်ယိုလျှင်** ကျီးအာသီး ကြိတ်ဖတ်ကို အုန်းဆီနှင့် ရော၍ ကြက်တောင်နှင့် ကြပ်ပေးပါ။

**နားထဲသို့ပိုးကောင်ဝင်လျှင်** ခရမ်းကစော့သီးကို မီးရှို့ပြီး အခိုးခံထားသော မုန်ညင်းဆီနှင့် နားကို ကြပ်ပေးပါ။

**နို့ကြောင်းပိတ်လျှင်** ကြိတ်မှန်ရွက်ကို ငါးကြင်းသားကင်နှင့် ချက်စားပေးပါ။

**နို့လိုင်လိုင်ထွက်ချင်လျှင်** စမြိတ်စေ့ကို လှော်စားပေးပါ။

**နလုံးရောဂါဖြစ်လျှင်** ခရေပင်၏ အခေါက်ကို ပြုတ်ပြီး ထိုအရည်ကို သောက်ပါ။ အပွင့်ကိုရှူ၊ အသီးကို စားပေးပါ။

**နှာခေါင်းအနံ့မရလျှင်** ကြိတ်မှန်ရွက်မှ ညှစ်၍ရသော အရည်ကို ခဏခဏ ရှူပေးပါ။

**ဆီးကျောက်တည်၊ ဆီးချုပ်၊ ဆီးနည်း၊ ဆီးကျင်ဖြစ်လျှင်** မြေဆီးဖြူ လက်တစ်ဆုပ်ကို သုံးခွက်တစ်ခွက်တင် ကျိုသောက်ပေးပါ။

**ရင်ဘတ်နာလျှင်** အုတ်ခဲကို စမ်းရေနှင့်သွေးပြီး အကြမ်းပန်းကန်တစ်ဝက်စာမျှ သောက်ပေးပါ။

**မျက်စိမှုန်၊ မျက်စိစွန်၊ တိမ်ဖုံး၊ မျက်ကြောကိုက်၊ မျက်စိဝေဒနာဖြစ်လျှင်** ကျွဲချိုဖြူကို သွေး၍ မျက်စဉ်းခတ်ပေးပါ။

**အနာပေါက်လျှင်** ကြက်သွန်ဖြူကို မီးဖုတ်ပြီး အနာပေါ်တွင် အုံပေးပါ။

**အဆစ်နာလျှင်** နနွင်းမှုန့်နှင့် ဆားကို ရေနှင့်ဖျော်၍ လိမ်းပေးပါ။

**အားနည်းလျှင်** ပျားရည်၊ သံပရာရည်နှင့် ကြက်သွန်ဖြူ ကြိတ်ရည်ကို ရောသောက်ပေးပါ။

**အစာမကြေလျှင်** ချင်း(ဂျင်း)ပြုတ်ရည်ကို သောက်ပေးပါ။

**ဖျားလျှင်** ကြက်သွန်နီကို ပျားရည်နှင့် စိမ်စားပေးပါ။

**အော့အန်လျှင်** ပူစီနံရွက်ကို ဝါးစားပါ။ ရှောက်မြစ်ကို သွေး၍ ပျားရည်နှင့် စားပေးပါ။

**ချွေးထွက်များလျှင်** ကျောက်ဖရုံသီးအစေ့ကို လှော်စားပေးပါ။

**ဝမ်းပျက်လျှင်** ငှက်ပျောသီးမှည့် စားပေးပါ။

**မျက်စိစပ်လျှင်** သခွားသီးအတွင်းသားကို မျက်လုံးပေါ် တင်ပေးပါ။

**ဘာကျောက်တည်တည် ကျချင်လျှင်** ကြွေခရု(ကြွေပစ်လျှင်သုံးသည့်ကြွေ)ကို ပန်းကန်ထဲထည့်၊ သံပရာသီးတစ်လုံးကို ကြွေပေါ်၌ အရည်ညှစ်ပြီး ပျော်အောင်ထားလိုက်ပါ။ ထိုအရည်ကို သောက်ပါက ဘာကျောက်တည်နေတည်နေ အကုန်ကြေပါတယ်။

**ကျောက်တည်လျှင်** ကျောက်ဖရုံသီး လက်ငါးလုံးခန့်ကို အစေ့များဖယ်ပြီး ရေစင်အောင်ဆေး၍ ခြစ်ဖြင့်ခြစ်ပြီး ကြိတ်စက်ထဲထည့်ကြိတ်ပါ။ ပြီးလျှင် ဆန်ခါဖြင့် အရည်ကို စစ်ယူပါ။ ထိုအရည်ထဲသို့ ရှိန်းခိုနှင့် ငရုတ်ကောင်းစေ့ နှစ်စေ့ထည့်၍ မွှေပါ။ နံနက်စောစော အစာမစားမီ သောက်ပါ။ (တစ်ပတ်သောက်ရပါမည်။)

**အရိုးကျိုးလျှင်** ဆင်တုံးမနွယ်ရွက်ကို ကြေညက်အောင်ထောင်းပြီး ကျိုးသောနေရာကို ကြပ်စည်းပေးပါ။ ၄င်းနောက် ချက်အရက်ပြင်းပြင်းနှင့် ကြပ်စည်းထားသော နေရာပေါ်သို့ အကိုက်အခဲမပျောက်မချင်း လောင်းထည့်ပါ။ အကိုက်အခဲပျောက်သွားလျှင် စည်းထားသော ကြပ်ကိုဖြည်လိုက်ပါ။

**ထိပ်ကပ်နာဖြစ်လျှင်** ဒန့်သလွန်ပင်အမြစ်ကို သွေး၍ လည်ပင်း၊ နဖူးနှင့် နှာခေါင်းပေါ်သို့ လိမ်းပေးပါ။

**အနာမန်းဝင်လျှင်** ကြောင်လျှာပင် အမြစ်ကို သွေးလိမ်းပေးပါ။

**လေဖြတ်၊ လေငန်းဖြစ်လျှင်** ကြောင်လျှာပင် အခေါက်နှင့် အမြစ်တို့ကို သွေးလိမ်းပေးပါ။

**ခံတွင်းခြောက်နာဖြစ်လျှင်** ကြောင်လျှာရွက် (သို့မဟုတ်) အခေါက်ကို ရေစိမ်၍ ၄င်းရေဖြင့် ခဏခဏ ပလုတ်ကျင်းပေးပါ။

**ဝဲ၊ ယားနာဖြစ်လျှင်** ဇာဒ်ရွက် အရည်ကိုညှစ်ပြီး လိမ်းပေးပါ။

**လေပွခြင်း၊ ဗိုက်ဖောင်းခြင်းဖြစ်လျှင်** ရဲယိုရွက် လေးငါးရွက်ကို ရေနှင့်ပြုတ်သောက်ပေးပါ။

**အဆစ်အမြစ်နာကျင်လျှင်** ရဲယိုရွက်ကို မီးကင်၍ မိနစ် ၂၀ ကြာသည်အထိ ကပ်ပေးထားပါ။

**မီးယပ်ချုပ်လျှင်** မိဿလင်ကို အရည်ညှစ်၍ ဆားအနည်းငယ်ထည့်သောက်ပေးပါ။

**အတွင်းလိပ်ဖြစ်လျှင်** မိဿလင်အစိုကို ထုချေ၍ အိုးသစ်တွင်ထည့်ကာ ပေါင်းတိုက်ရည်ယူပြီး နံနက်၊ ည ကြွေဇွန်းကြီး နှစ်ဇွန်းသောက်ပေးပါ။ (တစ်ပတ်သောက်ရပါမည်။)

**မြွေကိုက်ခံရလျှင်** မိဿလင်အရည်ကို မကြာခဏ တိုက်ပေးပြီး ကိုက်သောဒဏ်ရာပေါ်၌လည်း လိမ်းပေးပါ။ **(တစ်နည်း)** သခွတ်ပင်၏ အခေါက်ကို ဝါးစားပေးပါ။ ဒဏ်ရာကိုလည်း အခေါက်ကိုသွေး၍ လိမ်းပေးပါ။

**ထိခိုက်ဒဏ်ရာနှင့် အကိုက်အခဲ၊ အကြောထုံနာဖြစ်လျှင်** မိဿလင်ဥကို ကြိတ်ချေ၍ ကြပ်စည်းပေးပါ။

**ဒူးခေါင်း၊ အဆစ်အမျက်နှင့် ခြေမျက်စိများရောင်ရမ်းလျှင်** မိဿလင်ဥကို ထုထောင်း၍ ကြပ်စည်းပေးပါ။

**သွေးတိုးလျှင်** သံပရာသီးတစ်လုံးကို ၁၅ မိနစ်ခန့်ကြာအောင် ရေစိမ်ထားပြီး အရည်ညှစ်၍ ကြက်ဥတစ်လုံးဖောက်ထည့်ကာ ရောမွှေပြီး သောက်ပေးပါ။

**ပါးချိတ်အောက်နှင့် ပေါင်ကြားတို့တွင်ပေါက်တတ်သော အပူကျိတ်များပျောက်ချင်လျှင်** နနွင်းခါးဥကို သွေးလိမ်းပါ။ (သုံးကြိမ်လိမ်းကျုံရုံနှင့် ပျောက်ကင်းပါသည်။)

**အိပ်မပျော်လျှင်** ဒန့်ကျွဲမြစ်ကို ပြုတ်၍ သကြားအနည်းငယ်ထည့်ပြီးသောက်ပါ။ (တစ်ခါသောက်လျှင် အကြမ်းပန်းကန်တစ်လုံး နံနက်၊ ည နှစ်ကြိမ်သောက်ပေးပါ။)

**ပန်းသေး၊ ပန်းညိုးဖြစ်လျှင်** ကစော့ပုပ်မြစ်ကို အခြောက်လှန်း အမှုန့်ပြုလုပ်ပြီး ပျားရည်နှင့် ရောသောက်ပေးပါ။

**အမျိုးသမီးများ မီးယပ်ဖြူဆင်းလျှင်** ဘောစကိုင်း(အဝေရာ)ရွက်ကို မကြာခဏ သုပ်စားပေးပါ။

**မီးယပ်သွေးဆင်းရှိန်မူးဝေလျှင်** ရှောက်သီးနှင့် ထန်းလျက်ကို ရောစားပေးပါ။

**သွားကိုက်၊ သွားဖုံးရောင်နှင့် သွားပြည်ယိုဖြစ်လျှင်** မာလကာပင်၏ အခေါက်ကို ပြုတ်၍ ငုံပေးပါ။

**သွေးဝမ်းလွန်လျှင်** ထမင်းခြောက်ကို လှော်၍ ထန်းလျက်နှင့် ညက်ညက်ကြိတ်ကာ စားပေးပါ။

**လေထိုး၊ လေအောင့်လျှင်** ပုန်းညက်ပန်းပွင့်ခြောက်များကို ရေနွေးတွင်ထည့်၍ လက်ဖက်ရည်ကြမ်းလုပ်သောက်ပေးပါ။

**ဆီးအိမ်မှာကျောက်တည်လျှင်** သမင်ချိုကိုသွေး၍ သံပရာရည်နှင့် လက်ဖက်ရည်ဇွန်း နှစ်ဇွန်းသောက်ပေးပါ။

**ဆီးကျဉ်၊ ဆီးနီ၊ ဆီးနှောက်လျှင်** ကျောက်စိမ်းပန်းကျား(ဘုရားပန်းထိုးကြသည်)ပင်ကို တစ်ပင်လုံး ထုထောင်း၍ ရလာသောအရည် ငါးကျပ်သားကို ရေနှင့်ပြုတ်ပြီး နံနက်၊ ည နှစ်ခွက်သောက်ပေးပါ။

**စားမဝင်၊ အိပ်မပျော်လျှင်** ပျားရည်စစ်စစ်ကို လက်ဖက်ရည်ဇွန်းတစ်ဇွန်း ညအိပ်ရာဝင်တိုင်း သောက်ပေးပါ။

**ပန်းနာ၊ ရင်ကြပ်၊ ချောင်းဆိုးလျှင်** သစ်ဆိမ့်သီးအခွံကို သွေး၍ ပျားရည်နှင့် စားပေးပါ။

**အမျိုးသမီးများ အဖုအကျိတ်ပေါက်လျှင်** လဝန်းဂမုန်းပင်(တစ်ပင်လုံး အမြစ်ပါမကျန်)ကို ထုထောင်း၍ အကျိတ်အဖုပေါ်သို့ အုံပေးပြီး ပတ်တီးစည်းပေးပါ။

**ဆံပင်ကျွတ်လျှင်** ပိတောက်ရွက်ကို ထုထောင်း၍ ခေါင်းလျှော်ရည်နှင့် တွဲဖက်၍ လျှော်ပေးပါ။

**ဒူးနာ၊ ခါးနာလျှင်** နံ့သာဖြူနှင့် ချင်းကို ဆတူရော၍ လိမ်းပေးပါ။

**အပူကြောင့် အဖုအကျိတ်ဖြစ်လျှင်** နနွင်းခါးကို ဆန်ဆေးရည်(သို့မဟုတ်)သံပရာရည်နှင့် သွေးလိမ်းပေးပါ။

**သွေးကြောများရောင်ရမ်းခြင်း၊ အကြောထုံခြင်းဖြစ်လျှင်** ချဉ်ပေါင်သီးကို ရေနှင့်ပြုတ်ပြီး တစ်နေ့ကို သုံးကြိမ်သောက်ပေးပါ။

**ဘီပိုး၊ စီပိုးဖြစ်လျှင်** သခွတ်ပွင့်ကို ရေနွေးဖြော၍ မကြာခဏ သုပ်စားပေးပါ။

**မျက်စိနာလျှင်** သခွတ်ပင်၏ အခေါက်ကို သွေးပြီး မျက်လုံးကို ကွင်းပေးပါ။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား-Tik Tok**

## ရိုးရာယဉ်ကျေးမှုအမွေကဏ္ဍ

# ဂုဏ်ယူဖွယ်ရာ မြန်မာအမျိုးသမီးတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ



မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်တွင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာကောင်းများကို မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ ထိုသို့ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသော မြန်မာအမျိုးသမီးများ၏ ဆောင်ရွက်ချက်များကို ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော စာပေများတွင်လည်း အထင်အရှား တွေ့မြင်ကြရသည်။

မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများအရ လူဦးရေ ၅၆ ဒသမ ၂ သန်းခန့်အနက် အမျိုးသမီးပါဝင်မှုဟာ ၂၉ ဒသမ ၄ သန်းဖြစ်တဲ့အတွက် နိုင်ငံ့လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ အမျိုးသမီးများဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်တဲ့ ပြည်ထောင်စုဖြစ်တာနဲ့အညီ မတူကွဲပြားတဲ့ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံတွေ၊ ဘာသာစကား၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနဲ့ သမိုင်းကြောင်း၊ ပထဝီဝင်အနေအထား အမျိုးမျိုးရှိကြသည်။

မျက်မှောက်ကာလတွင် မြန်မာအမျိုးသမီးများသည် မောင်တစ်ထမ်း မယ်တစ်ရွက်နှင့် အိမ်ထောင့်တာဝန်ကို သာမက အမျိုးသားများနှင့် ရင်ပေါင်တန်း၍ မိမိအကျိုး၊ အများအကျိုးတို့ကို သယ်ပိုးထမ်းဆောင်နေကြရသည်။ မြန်မာအမျိုးသမီးများသည် အားနွဲ့သူများဖြစ်၍ အမျိုးသမီးများဘဝ ကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးများအား ပြုစုပျိုးထောင်ပေးရေးသည်လည်း မဖြစ်မနေဆောင်ရွက်ပေးရမည့် အလုပ်ပင်ဖြစ်သည်။ တစ်ဖက်တွင် အဆိုပါ အမျိုးသမီးများ၏ အခွင့်အရေးနှင့် ဘဝများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးရမည်ဖြစ်သလို အထူးသဖြင့် အမျိုးသမီးငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးမှအစ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးအတွက်ပါ ကာကွယ်စောင့်ရှောက်ပေးကြရမည်ဖြစ်သည်။ အမျိုးသမီးများကလည်း မိမိတို့၏ အမျိုးသမီးဂုဏ်ရည်ကို ထိန်းသိမ်းစောင့်ရှောက်ကာ မြှင့်တင်ကြရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးများအတွက် အရေးကြီးသည့်အချက်မှာ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်များစသော ဂုဏ်ရည်များ မပျက်ယွင်း၊ မချို့တဲ့စေရအောင် ထိန်းသိမ်းရမှာဖြစ်၍ အမျိုးသမီးများဘဝကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက်လည်း အစဉ်အမြဲလေ့ကျင့်ပျိုးထောင်ပေးနေရမည်ဖြစ်သည်။ သို့ဖြစ်ရာ အစဉ်အလာကြီးမားသော မြန်မာအမျိုးသမီးများ၏ ဂုဏ်ရည်မြင့်မားတိုးတက်စေရေးအတွက် ရိုးရာယဉ်ကျေးမှု အစဉ်အလာကိုလည်း ထိန်းသိမ်းကြရမည်။ မြန်မာတို့သည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ကြသည့် အားလျော်စွာ မြန်မာ့ရိုးရာယဉ်ကျေးမှုများ ဓလေ့စရိုက်များကိုသိရှိပြီး တိုင်းတစ်ပါး ယဉ်ကျေးမှုများကို အထင်မကြီးဘဲ မိမိလူမျိုး မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုများကို ထိန်းသိမ်း၍ ကာကွယ်ကြရမည်ဖြစ်ပြီး ထိုအထဲတွင် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုလည်း ပါဝင်ပေသည်။

မြန်မာအမျိုးသမီးလေးများသည် ရှေးခေတ်အခါက အမျိုးသမီးများနည်းတူ ရင်ဖုံးအင်္ကျီ၊ ထဘီများကိုဝတ်ဆင်ကာ ရှေးထုံးအစဉ်အလာ မပျက်စေဘဲ ရိုးရိုးယဉ်ယဉ်ကလေးများဖြင့် လူကြီးမိဘများရဲ့ စိတ်သဘောထားများနှင့်ထပ်တူ ဝတ်စားဆင်ယင် နေထိုင်ကြပြီး ဘုရားသွား၊ ကျောင်းတက် အလှူမင်္ဂလာပွဲလမ်းသဘင်များတွင်လည်း မြန်မာဝတ်စုံလေးများဖြင့် ကျက်သရေရှိရှိ ဝတ်ဆင်လာကြသူများ ဖြစ်ကြပါသည်။ သို့သော် အချို့မှာ စကတ်များ၊ ဘောင်းဘီတို၊ ဘောင်းဘီရှည်များဖြင့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ဖျက်ဆီးသူ စုန်းပြူးလူငယ်အချို့လည်း ရှိကြပေလိမ့်မည်။

မြန်မာအမျိုးသမီးများသည် နောင်လာမယ့်အနာဂတ်ရဲ့ ကြယ်ပွင့်လေးများ ဖြစ်သည်နှင့်အညီ ဗုဒ္ဓဘာသာထွန်းကားတဲ့ နိုင်ငံဖြစ်တာမို့ တရားတော်နဲ့လျော်ညီတဲ့ ဆင်ယင်ထုံးဖွဲ့မှုများနဲ့သာ ဝတ်ဆင်ကြ၍ မြန်မာကို မြန်မာမှန်းအဝတ်မြင်တာနဲ့တင် တိုင်းတစ်ပါးသားတို့ သိစေချင်ပါသည်။ မြန်မာအမျိုးသမီးလေးများမှာ ရင်ဖုံးအင်္ကျီနှင့် ထဘီ(သို့)လုံချည်များ ဝတ်ဆင်ခြင်းဖြင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ကြသည်မှာ စံနမူနာဖြစ်ခဲ့သည်။ မြန်မာအမျိုးသမီးများသည်ပင်ကို သဘာဝအရ အေးဆေးတည်ငြိမ်ပြီး စိတ်ထားနူးညံ့သိမ်မွေ့သူများဖြစ်သည်နှင့်အညီ ဣန္ဒြေလည်းကြီးသူဖြစ်သည်။

ထို့ကြောင့် မြို့ကြီးပြကြီးများမှအစ ကျေးလက်ဒေသ တောရွာများအဆုံး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းကာ အလှပန်းချီဟု တင်စားခေါ်ဆိုထိုက်သော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုအလှအပများကို အလှပန်းချီဆရာများက မြန်မာ့ယဉ်ကျေးမှု ဆေးစုတ်တံ စုတ်ချက်ကောင်းကောင်းဖြင့် ခြယ်သ၍ ပြစေလိုပါသည်။ မြန်မာအမျိုးသမီးများသည် ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို ထာဝရပိုင်ဆိုင်ထားသင့်သကဲ့သို့ အဝတ်များဆင်မြန်းသည့် နေရာတွင်လည်း အရှက်တရားနှင့် အကြောက်တရားများကို ထိန်းသိမ်းကာ မရိုးလွန်း၊ မဆန်းလွန်း၊ ခေတ်နောက်လည်း မကျလွန်း၊ ခေတ်ရှေ့လည်း မကျော်လွန်ဘဲ မြင်ရသူတိုင်းရဲ့ စိတ်ထဲနှလုံးသားထဲမှာ မျက်စိအကျဆုံး၊ အကြည်နူးဆုံး၊ကျက်သရေ မင်္ဂလာအရှိဆုံးဖြစ်တဲ့ မြန်မာ့ရိုးရာဝတ်စုံများကို ဝတ်ဆင်၍ ယနေ့မြန်မာအမျိုးသမီးတို့၏ အလှအပနှင့် ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းကာ နောင်အနာဂတ်ကာလ မျိုးဆက်သစ် မိန်းကလေးများကို လက်ဆင့်ကမ်းအမွေအဖြစ် ပေးစေချင်ပါသည်။ ထို့ကြောင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းထားကြသော ဂုဏ်ယူဖွယ်ရာ မြန်မာအမျိုးသမီးလေးများအဖြစ် ဆက်လက်မြင်တွေ့ချင်ပါကြောင်း ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အကြိုဂုဏ်ပြုဆောင်းပါးတွင် ဆန္ဒပြုရင်း တိုက်တွန်းရေးသားလိုက်ရပါတော့သည်။

(၅၀၄)



## ဖြူဟွစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) (၁၆)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပမည်

**မန္တလေး ဇွန် ၁၁**

ဖြူဟွစိုရ်လူမှုကူညီရေးအသင်း (မန္တလေး)၏ (၁၆)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၂၁ ရက် နံနက် ၈ နာရီတွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၆၂လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြားရှိ ဖြူဟွစိုရ် ကုသိုလ်ဖြစ် ဆေးခန်းတွင် ကျင်းပမည်ဖြစ်သည်။

သွေးလှူဒါန်းလိုသူများသည် ဖြူဟွစိုရ်လူမှုကူညီရေးအသင်း (မန္တလေး) ဖုန်း ၀၉-၂၅၉၃၆၀၀၁၁၊ ၀၉၂၅၉၃၆၀၀၂၂ နှင့် ရုံးဖုန်း ၀၂-၄၀၃၉၁၄၃ တို့သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အဆိုပါနေ့တွင် လာရောက်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၄၅)**

## ယာယီဈေး ရာနှုန်းပြည့်တည်ဆောက်ပြီးစီး၍ ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိ

**ဆီဆိုင် ဇွန် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့တွင် မြို့မဈေးနေရာ၌ ယာယီဈေးတည်ဆောက်နေမှုများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

ယာယီဈေးကို ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၃၇၉ ဒသမ ၈၉၇ သန်းဖြင့် ကံကော်ဖူးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ရာ မြို့မဈေးနေရာတွင် အဆောင် ၁၈ ခု၊ ဆိုင်ခန်း ၃၈၂ ခန်း ပါဝင်သော ယာယီဈေးဆောက်လုပ်နေမှု လုပ်ငန်းသည် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ဆိုင်ခန်းများအား စနစ်တကျ နေရာချပေးကာ ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိပြီ ဖြစ်သည်။ အဆိုပါမြို့မဈေးသည် ၂၀၂၄ခုနှစ် ဇန်နဝါရီလအတွင်း အကြမ်းဖက်သောင်းကျန်းသူများ၏ ဝင်ရောက်တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရပြီး မြို့မဈေးအား ယာယီဈေးဖြင့် ပြန်လည်တည်ဆောက်ပေးခြင်းဖြစ်ပြီး ယခုအခါ ဒေသခံပြည်သူများ ဈေးရောင်း၊ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ) (၃၆၈)**



## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်နေ ဒေါ်ညွန့်ညွန့်ခိုင်(ဘ) ဦးစိန်မောင်(၉/မနမ(နိုင်)၁၀၉၂၀၀)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၀၂၅ ခုနှစ်၊ မေလ ၁၉ရက်တွင် RD အမှတ်(၁၁၉/၂၀၂၅)ဖြင့် ဒေါ်ညွန့်ညွန့်ခိုင်မှ ဦးအောင်နိုင်လင်း(ဘ)ဦးသန်းဇော်(၅/စကန(နိုင်)၁၆၄၃၈၃)ကိုင်ဆောင်သူအား အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။ ယခုအခါတွင် ဒေါ်ညွန့်ညွန့်ခိုင်နှင့် ဦးအောင်နိုင်လင်းတို့သည် အထက်ပါ အထူးကိုယ်စားလှယ်လွှဲစာနှင့်ပတ်သက်၍ အကျိုးအကြောင်းကိစ္စများပျက်ပြယ်ပြီး ဆက်လက်လုပ်ဆောင်နိုင်ရန် မလိုအပ်တော့ပါသဖြင့် ဦးအောင်နိုင်လင်းအား ပေးအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအား ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယနေ့ကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီတာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**W.I.P.O(Switzerland)**
**ဖုန်း ၀၉-၉၆၈၈၉၀၁၁၁**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၇၅)၊ ဦးပိုင်အမှတ်(၈၅)၊ ၈၅လမ်းနှင့် ၈၆လမ်းကြား၊ ၃၁လမ်းနှင့် ၃၂လမ်းကြားရှိ ဒေါ်စိတြာ၊ ဒေါ်သန်း(ခ)ဒေါ်သန်းသန်း၊ ဒေါ်သန်းခင်၊ ဒေါ်မကြီးတို့ ၄ဦးအမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်စိတြာ(သီလရှင်ဘဝ)၊ ဒေါ်သန်း(ခ)ဒေါ်သန်းသန်း(အပျိုဘဝ)၊ ဒေါ်သန်းခင်(အပျိုဘဝ)တို့ကွယ်လွန်၍ ကျန်ရစ်သူ ညီမ ဒေါ်မကြီး(၉/မရမ(နိုင်)၀၁၀၈၇၇)က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၆၅)၊ ဦးပိုင်အမှတ်(၁၂၃က ခဲစင်းအရှေ့ခြမ်း+၁၂၄)၊ ၇၈လမ်း၊ ၄၁လမ်းထောင့်ရှိ ဦးအောင်ရီ၊ ဦးကျော်စိန်(ခ)ရှင်ကီလိန္၊ ဒေါ်အမာကြည်၊ ဦးမြင့်ကျော်တို့ ၄ဦးအမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၆၈၂/၂၀၀၇)ဖြင့် ဦးအောင်ရီ၊ ဒေါ်အမာကြည်တို့က အမွေဆက်ခံခဲ့ပြီး ၎င်းတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၃၄၈/၂၀၀၇)ဖြင့် ဝယ်ယူခဲ့သူ ခင်ပွန်းဦးသိန်းအောင်ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်တင်အုန်း(ခ)ဒေါ်တင်အုံး(၉/မရတ(နိုင်)၀၁၇၉၇၄)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(F-၈)၊ ဦးပိုင်အမှတ်(F-၈-က/၂)၊ (စက်မှုပန်းခြံလမ်း)၊ ၆၂လမ်း၊ ၁၃၃လမ်းနှင့် ၁၃၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလှိုင်ရှောက်ဝင်း(၁၃/လရန(နိုင်)၀၆၀၉၅၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၈)၊ ဦးပိုင်အမှတ်(၅၇မှ ၁၄၀ထိ)ခဲစင်း၊ ၄၄လမ်း၊ ၁၁၁(B)လမ်းနှင့် ၁၁၁(E)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စာခြည်ဝင်း(၉/အမဇ(နိုင်)၀၂၀၉၈၅)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-ဂ/I)၊ ဦးပိုင်အမှတ်(၁၂)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၄၆(J)လမ်းနှင့် ၁၄၆(I)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နိုင်နိုင်ဆွေ(၁၂/ကတန(နိုင်)၀၀၀၀၉၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၆)၊ ဦးပိုင်အမှတ်(၆၈-ခ)၊ ၁၁၀(D)လမ်း၊ ၄၈လမ်းနှင့် ၄၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မမ(၁၂/ပဘတ(နိုင်)၀၁၅၉၀၉)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၇၆၆၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးရန်ကွယ်ကျား(ခ)ထွန်းထွန်းနိုင်(၁/မညန(ဧည့်)၀၀၀၃၂၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ တောတွင်းရပ်ကွက်၊ အကွက်အမှတ်(၅၆၄)၊ ဦးပိုင်အမှတ်(၇၈-က/၁)၊ ထုံးဘို-မြစ်ငယ် တိုးဂိတ်အနီးရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးကျန်လော်ချိန်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၁၀/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်ကွမ်းချိန်ဟွေ(၁၃/မကတ(ပြု)၀၀၁၂၆၉)က အမှုတွဲအမှတ်(၀၄၀၂/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၉၂-ည)၊ ဦးပိုင်အမှတ်(၁၃)၊ ၂၅လမ်းနှင့် ၂၆လမ်းကြား၊ ၅၃လမ်းနှင့် မြို့ပတ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးနန်ခန့်ကိမ်း(၅/ကလထ(နိုင်)၁၂၇၀၅၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၇၈၃/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်ဘိုဘိုမောင်(၉/အမဇ(နိုင်)၀၀၀၀၇၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၂)၊ ဦးပိုင်အမှတ်(၅၄)၊ ၆၇(B)လမ်း၊ လမ်း၁၂၀နှင့် ၁၂၀(A)လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းညွန့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၅၈၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးသီဟဇော်(၉/မဟမ(နိုင်)၀၅၄၅၇၃)က တောဂရန်စာချုပ်မူရင်းမှာ လက်ဝယ်တွင်အသိမ်းလွန်၍ပျောက်ဆုံးနေကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမှုတွဲအမှတ်(၀၄၀၅/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁)၊ ဦးပိုင်အမှတ်(၁၂)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြားရှိ ဦးကျော်ဌွေးအမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးကျော်လင်းမောင်က တရားပြိုင် ဦးကျော်ဌွေးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၈၇၂/၂၀၁၉)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးကျော်လင်းမောင်(၁၃/တယန(နိုင်)၀၄၁၇၉၄)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၂)၊ ဦးပိုင်အမှတ်(၇၉-က)၊ ၆၃(A)လမ်း၊ ၁၀၂(A)လမ်းနှင့် ၁၀၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမင်းဇော်ဟိန်း(၉/ခအဇ(နိုင်)၀၅၃၃၈၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၉)၊ ဦးပိုင်အမှတ်(၁၉)၊ ၁၁၆(A)လမ်း၊ ၄၉လမ်းနှင့် လမ်း၅၀ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအားထာ(၁၃/မဖန(နိုင်)၀၃၅၀၃၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၆)၊ ဦးပိုင်အမှတ်(၁၀)၊ ၁၁၄လမ်း၊ ၅၃လမ်းနှင့် ၅၄လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၂၈၃၉/၉၂-၉၃)အရ ဦးအောင်မြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပသက(နိုင်)၀၇၅၈၇၈)အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်မိုးမိုး(ခ)ကြီသာဒေဝီ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခမစ(ပြု)၀၀၀၀၉၁)က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၆)၊ ဦးပိုင်အမှတ်(၇၇)၊ ၄၈လမ်း၊ လမ်း၁၁၀နှင့် ၁၁၁လမ်းကြားရှိ ဒေါ်တင်တင်လှအမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်သီတာဝင်းက တရားပြိုင် ဒေါ်တင်တင်လှအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၂၃/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်သီတာဝင်း(၉/မရတ(နိုင်)၁၂၉၅၅၃)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၉)၊ ဦးပိုင်အမှတ်(၃၅)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြားရှိ ဦးသန်းဌွေးအမည်ပေါက် ဂရန်မြေကွက်အား ၎င်းထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၂၀၁၆/၂၀၁၃)ဖြင့် ပေးကမ်းခြင်းကိုလက်ခံသူ ဒေါ်ခင်စန်းရီ(၅/ကလထ(နိုင်)၀၂၃၇၄၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၁၀၉/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းကိုလက်ခံသူ ဦးဝင်းကိုကို(၅/ဘတလ(နိုင်)၀၅၄၄၂၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၁)၊ ဦးပိုင်အမှတ် ၈၈(ခဲစင်း)၊ ၆၄လမ်း၊ မနော်နှင့်စိန်ပန်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးပြုံးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၅၀/၂၀၀၅)ဖြင့် ဝယ်ယူခဲ့သူ ဦးမြင့်သူ၏(GPရရှိသူ ဦးအိုက်ဆမ်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၀၄၆/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကူကြိမ်းမေ(၁၃/လရန(နိုင်)၁၁၈၂၃၁)က အမှုတွဲအမှတ်(၀၄၀၆/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၈)၊ ဦးပိုင်အမှတ်(၁၉)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးသန်းမြင့်(ငြိမ်း)(၅/မရန(နိုင်)၀၄၂၀၅၈)(TJO-၁၀၇၈၀၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၀၁/VI၊XII/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စုစု(၉/မရမ(နိုင်)၀၅၃၈၂၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၄)၊ ဦးပိုင်အမှတ်(၅၀)၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ ဦးကိုကိုလေးအမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၀၃၇/၂၀၀၈)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ခင်သန်းအေး(၅/စကန(နိုင်)၀၁၄၅၆၁)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၅၀/၂၀၀၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမြင့်စိုးအောင်(၉/မကန(နိုင်)၀၆၆၁၅၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် အသိပေးကြေညာခြင်း


မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၈၈)၊ ဦးပိုင်အမှတ်(၉၆)၊ ဧရိယာ (၀ ဒသမ ၀၂၉၃)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်သိုက်(ပါ-၃)ဦး အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး ထိုဂရန်မြေကွက်နှင့် နံကပ်(၂)ထပ်တိုက်၊ ရေမီတာ၊ မီးမီတာ စသည့် ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို ကျွန်ုပ်မိတ်ဆွေ ဒေါ်ခိုင်ခိုင်ဝင်းက ဒေါ်မြင့်ကြည်ထံမှ (၂၈-၆-၂၀၂၃)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် လွှဲပြောင်းဝယ်ယူလက်ရှိထားခဲ့သည်မှာ ယနေ့အထိဖြစ်ပါသည်။ လွန်ခဲ့သော (၃-၅-၂၀၂၄)ရက်က ဝယ်လက်ပြသရန်အလို့ငှာ ကျွန်ုပ်မိတ်ဆွေထံမှ ဒေါ်ဝင်းဝင်းမော်(ဘ)ဦးမောင်မောင်အေး(၉/အမဇ(နိုင်)၀၁၁၀၂၂)မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ဒေါ်မြင့်ကြည်မှ ဒေါ်ခိုင်ခိုင်ဝင်းသို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်း၊ ဒေါ်သိုက် (ပါ-၃)ဦး အမည်ပေါက်ကြွေဂရန်မူရင်း၊ ဒေါ်မြင့်ကြည်၏ အမွေဆက်ခံစာချုပ်မူရင်း၊ မြေပုံ၊ မြေရာဇဝင်မူရင်း စသည့် အဖိုးတန်စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများကို ယုံကြည်အောင်ပြောဆိုပြီး လိမ်လည်ရယူသွားသည့်အပြင် ဒေါ်ဝင်းဝင်းမော်က မသမာသောနည်းလမ်းဖြင့် စာချုပ်အတုများပြုလုပ်ကာ တရားမဝင်ပေါင်နှံ၍ အလွဲသုံးစားပြုလုပ်ထားကြောင်း ကျွန်ုပ်မိတ်ဆွေမှ စုံစမ်းသိရှိထားပါသည်။ စာချုပ်စာတမ်းမူရင်းများ ရယူသွားသောရက်မှစ၍ ကျွန်ုပ်မိတ်ဆွေက ဒေါ်ဝင်းဝင်းမော်ထံသို့ လူကိုယ်တိုင်တစ်မျိုး၊ ဖုန်းဖြင့်တစ်မျိုး၊ မိတ်ဆွေများမှတစ်မျိုး ဆက်သွယ်တောင်းခံနေသော်လည်း ဒေါ်ဝင်းဝင်းမော်က ပြန်မပေးဘဲ အကြောင်းအမျိုးမျိုးပြ၍ ထွက်ပြေးတိမ်းရှောင်လျက်ရှိပါသည်။

အထက်ပါ ဂရန်မြေကွက်နှင့်ပတ်သက်၍ ဆောင်ရွက်ထားသော ကိစ္စမှန်သမျှသည် ကျွန်ုပ်မိတ်ဆွေမသိဘဲ ဆောင်ရွက်ထားခြင်းမျိုးများဖြစ်၍ မူလကတည်းက တရားမဝင် ပျက်ပြယ်လျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေထံမှ ရယူသွားသော အထက်ပါစာချုပ်စာတမ်းမူရင်းများကို ဒေါ်ဝင်းဝင်းမော်နှင့် တရားမဝင် လက်ဝယ်ထားရှိသူများအနေဖြင့် ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေအား ဆက်သွယ်၍ အမြန်ဆုံးပြန်ပေးရန်နှင့် ပျက်ကွက်ပါက ဒေါ်ဝင်းဝင်းမော်နှင့် တရားမဝင် လက်ဝယ်ထားသူ မည်သူ့ကိုမဆို စုံစမ်းဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်သူ | လွှဲအပ်ချက်အရ |
|---|---|
| ဒေါ်ခိုင်ခိုင်ဝင်း(ဘ)ဦးကျော်ရှိန် | ဦးအေးမြင့် (LL.B) |
| ၉/မနမ(နိုင်)၁၁၅၄၉၂ | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၀၇၂) |
| | ၀၉-၄၀၂၅၇၆၅၆၉၊ ၀၉-၇၉၇၂၉၀၁၅၃ |

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၉(B)လမ်းထောင့်၊ အကွက်အမှတ်(လလ-၃၃/၃၉+၄၀+၄၁+၄၂)နေ **ဦးဝေလုအောင်(ဘ)ဦးအောင်ခင်(၈/ပခက(နိုင်)၁၇၈၉၄၅)**မှ **'မွေး'** အမည်ရှိ **'ရွှေဘိုပေါ်ဆန်းရှယ်'** အမည်အမှတ်တံဆိပ်ကို မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၅၆၉/၂၀၂၅)အရ တရားဝင်မှတ်ပုံတင်သွင်းထားပြီး **ရွှေဘိုပေါ်ဆန်းနှင့် ဆန်အမျိုးမျိုးရောင်းဝယ်ရေး** လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။




မှတ်ပုံတင်စာချုပ်အမှတ်
(၅၆၉/၂၀၂၅)

အထက်ပါအမည်အမှတ်တံဆိပ် **'မွေး'** အမည်ရှိ **'ရွှေဘိုပေါ်ဆန်းရှယ်'** အမည်အမှတ်အသားဖြင့် **ရွှေဘိုပေါ်ဆန်းမွေးဆန်နှင့် ဆန်အမျိုးမျိုး လက်လီ-လက်ကား** ထုပ်လုပ်ဖြန့်ဖြူးရောင်းဝယ်ခြင်းတို့ကို အကွက်အမှတ်(လလ-၃၃/၃၉+၄၀+၄၁+၄၂)၊ ၅၄လမ်းနှင့် ၁၃၉(B)လမ်းထောင့်၊ (ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တွင် ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး အဆိုပါပစ္စည်းများကို ထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ စက္ကူပတ်၊ စက္ကူဘူး၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းများပေါ်တွင်လည်းကောင်း၊ ဆိုင်းဘုတ်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်၊ အင်တာနက်၊ Facebook, Telegram, Tiktok တို့ အစရှိသည်တို့အပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ဖိနှိပ်၍၊ ကပ်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ-လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဤအမည်အမှတ်တံဆိပ်အမှတ်အသားကို အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပသုံးစွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲနေကြောင်း တွေ့ရှိပါက တရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**(ရှေ့နေ ဦးခင်မောင်ဝင်း) B.A, H.G.P, RL (II), DBL ၏ တပည့်များ**

**ဦးစိုင်းဝဏ္ဏ (LL.B)** **ဦးသူရလင်း (LL.B)**

**(တရားလွှတ်တော်ရှေ့နေများ)**

**UKMW-LAW FIRM**

**အကွက်(၇၇၅)၊ ၂၈–လမ်းနှင့် လမ်း၇၀ ထောင့်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၀၅၀၆၂၊ ၀၉–၂၅၉၁၁၁၈၇၁၊ ၀၉–၉၇၀၀၇၇၇၄၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၉)၊ဦးပိုင်အမှတ်(၂၉)အတွင်းမှ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ စလစ်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ သံဖရိန်တစ်ထပ်အဆောက်အအုံ(ရေ၊ မီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးဖြိုးဝေထွန်း(၉/မတရ(နိုင်)၁၄၆၀၆၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| | |
|---|---|
| **ဦးလှမိုး (ဥပဒေဘွဲ့)** | **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(ဒ–၁၁ /၄၁ + ၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**Ph; 09-2070007၊ 09-792070007၊ 09-43250000**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ရွာရှည်ရွာနေ ဦးမောင်ငွေ(၉/မနတ(နိုင်)၀၂၄၅၆၁)+ဒေါ်မိုးမိုး(၉/မနတ(နိုင်)၀၂၄၅၆၂)တို့၏သမီး မသူဇာအောင်(၉/ခမစ(နိုင်)၀၃၁၆၄၈)သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်ငွေ+ဒေါ်မိုးမိုး

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၄)၊ ဦးပိုင်နံပါတ်(၆)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဒေါ်သောင်းစိန် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀ × ၄၀)ထဲမှ တောင်ဘက်ပိုင်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုင်းသန်းနိုင်(ဘ)ဦးထွန်းကြွယ်(၁၃/နခန(နိုင်)၀၀၁၈၆၈)[၎င်း၏ကိုယ်စား ဦးသိန်းထွဋ်(ဘ)ဦးသောင်း(၅/ထခန(နိုင်)၀၁၃၂၉၀)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| | **ဦးတင်အောင်မိုး (LL.B, LL.M)** | **ဒေါ်အိအိမွန် (LL.B, LL.M)** | |
| | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | |
| **ဒေါ်ယုသစင်အောင် (LL.M)** | **ဦးကြည်ယံ (LL.B)** | **ဦးစည်သူအောင် (LL.B)** | **ဒေါ်သဲမို့မို့ထွန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၈)၊ ဦးပိုင်နံပါတ်(၃၈-ခ)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဦးကွန့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြရီ(ဘ)ဦးကျောက်ရှိလျှန့်(၁၃/ကမန(ဧည့်)၀၀၀၁၃၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| | **ဦးတင်အောင်မိုး (LL.B, LL.M)** | **ဒေါ်အိအိမွန် (LL.B, LL.M)** | |
| | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | |
| **ဒေါ်ယုသစင်အောင် (LL.M)** | **ဦးကြည်ယံ (LL.B)** | **ဦးစည်သူအောင် (LL.B)** | **ဒေါ်သဲမို့မို့ထွန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား ကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်

ရန်ကုန် ဇွန် ၁၁

ရန်ကုန်မြို့အခြေစိုက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးက ကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီးတို့ တက်ရောက်သည်။

**ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ စစ်သံမှူးနှင့် တာဝန်ရှိသူတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ကပြဖျော်ဖြေတင်ဆက်**

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်၊ သိပ္ပံပညာဆိုင်ရာအောင်မြင်မှုများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာရေးရာဆိုင်ရာ ဗီဒီယိုမှတ်တမ်းကို ဖွင့်လှစ်ပြသပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအဖွဲ့တို့က ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့သည် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် ဇနီးတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်စဉ်။




ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။

**တက်ရောက်**

ထို့နောက် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာဘရှော၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

■

# အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်းက လာအိုအသင်းကို ဂိုးဒါဇင်ဝက်ဖြင့် အနိုင်ယူ

**ရန်ကုန် ဇွန် ၁၁**

၂၀၂၅ အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(A)ဒုတိယပွဲစဉ်အဖြစ် ယနေ့တွင် ဗီယက်နမ်နိုင်ငံ၌ မြန်မာအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက လာအိုအသင်းအား ခြောက်ဂိုး၊ ဂိုးမရှိ ဂိုးဒါဇင်ဝက်ဖြင့် အနိုင်ရယူနိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် မြန်မာအသင်းသည် လာအိုအသင်းဘက်သို့ တောက်လျှောက်ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ပြီး ဂိုးဒါဇင်ဝက်အထိ သွင်းယူကာ နိုင်ပွဲရယူနိုင်ခဲ့သည်။

မြန်မာအသင်းအတွက် သွင်းဂိုး ခြောက်ဂိုးကို ပွဲချိန် ၁၈မိနစ်နှင့် ၄၆မိနစ်တွင် ဒေစီအောင်၊ ပွဲချိန် ၂၈မိနစ်နှင့် ၅၆မိနစ်တွင် စုစုခင်၊ ပွဲချိန် ၄၃မိနစ်တွင် ယဉ်လွှန်းအိမ်၊ ပွဲချိန် ၇၂မိနစ်တွင် အေးအေးစိုးတို့က အသီးသီး သွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၅ အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(A)ပွဲစဉ် နှစ်ပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

မြန်မာအသင်းသည် ၂၀၂၅ အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(A) တတိယပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၃ ရက်တွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။ **(NGB)**

